ကြေးမုံ

The Mirror

၁၃၆၅ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်၊ စနေနေ့၊ (29-11-2003) (၄၀၆၉)

ယနေ့ထုတ် စောင်ရေ ၁၉၅၅၆၆

အရိယ သစ္စာန ဒဿနံ တော မင်္ဂလ မုတ္တမံ။

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး တရားတို့ကို သိမြင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ သမ္မတထံသို့ နှစ်ပတ်လည်လွတ်မြောက်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် နိုဝင်ဘာ ၂၉

၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၉ရက်တွင် ကျရောက်သော အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်မြောက်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအယ်လ်ဖရက်မိုဒ်စီယူထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယန်း၊ မစရဲလ်၊လာကွမ်ဘ် ၎င်း၏ခန့်အပ်လွှာပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူပြီးဖြစ်သော မစ္စတာယန်း၊ မစရဲလ်၊လာကွမ်ဘ်သည် ယနေ့နံနက် ၁၀နာရီတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါသံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူပြီးဖြစ်သော မစ္စတာယန်း၊ မစရဲလ်၊လာကွမ်ဘ်အား ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အယ်လ်ဘေးနီးယားနိုင်ငံ ဝန်ကြီးချုပ်ထံ နှစ်ပတ်လည်လွတ်မြောက်ရေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် နိုဝင်ဘာ ၂၉

၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၉ရက်တွင်ကျရောက်သော အယ်လ်ဘေးနီးယား သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်မြောက်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖာတို့စ်၊ နာနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ–တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အဆင့်မြင့်အရာရှိများ အစည်းအဝေး တာချီလိတ်၌ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၈

မြန်မာ–တရုတ်နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာအရ ဒုတိယအကြိမ် မြန်မာ–တရုတ်နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အဆင့်မြင့်အရာရှိများ အစည်းအဝေးကို နိုဝင်ဘာ ၂၆ရက် နံနက် ၉နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ Regina Hotel**၌ကျင်းပသည်။**(ဓါတ်ပုံ) **အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၁၈ဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်မှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်** Mr. Wang Qianrong **ခေါင်းဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့ ၁၄ဦးတို့ တက်ရောက်ကြသည်။**

ကြည့်ရှုလေ့လာ

အစည်းအဝေး၌ နှစ်နိုင်ငံမူးယစ်ဆေးဝါး ပူးပေါင်းတားဆီး နှိမ်နင်းရေးတွင် သတင်းဖလှယ်မှု၊ သင်တန်းပေးရေးကိစ္စရပ်များနှင့် အစားထိုးဖွံ့ဖြိုးရေးတွင် ဘိန်းအစားထိုးစိုက်ပျိုးရေးကဏ္ဍ၌ မြန်မာနိုင်ငံကို တရုတ်နိုင်ငံမှ ကူညီပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ ဆွေးနွေးခဲ့ကြပြီး မွန်းလွဲပိုင်းတွင် တာချီလိတ် မြို့ပတ်ဝန်းကျင်ကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ တရုတ်ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၇ရက် နံနက်ပိုင်းတွင် မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီလိုက်ပါ၍ မိုင်းယွန်းမြို့သို့ရောက်ရှိ လေ့လာကာ မွန်းလွဲပိုင်းတွင် "ဝ" အထူးဒေသ ဝမ်ဟုန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးမွေးမြူရေးခြံသို့ ဆက်လက်လေ့လာကြသည်။ လေ့လာရေးခရီးစဉ်၌ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ဒေသခံ "ဝ" တိုင်းရင်းသားခေါင်းဆောင်များနှင့် တာဝန်ရှိသူများက ရှင်းလင်း ဆွေးနွေးတင်ပြခဲ့ကြသည်။

အစည်းအဝေး တက်ရောက်လာကြသည့် တရုတ်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် မိုင်းလားမှ တစ်ဆင့် ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror — မြို့တော်အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီ တည်ဆောက်ပြီးစီးရေး ကြိုးပမ်း

၂၉–၁၁–၂၀၀၃ (စနေနေ့)

ရန်ကုန်မြို့တော်သည် စီးပွားရေးလုပ်ငန်းများ၏ ဗဟိုအချက်အချာဒေသဖြစ်သဖြင့် လူနေစည်ကားသည်။ ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ၊ ဆက်သွယ်သွားလာမှုလုပ်ငန်းများအတွက် အရေးပါသော မြို့တော်ကြီးအဖြစ် ရပ်တည်လျက်ရှိသည်။ ထို့ကြောင့် ရန်ကုန် မြို့တော်ကို နိုင်ငံတကာမြို့တော်ကြီးများကဲ့သို့ မြို့တော်အင်္ဂါရပ်များနှင့် ညီညွတ်စေရေး၊ သာယာလှပရေး၊ အဆောက်အအုံများအဆင့်မြင့်တင် မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

ရန်ကုန်မြို့တော်၏ လမ်းများအဆင့်မြင့်တင်ရေးအတွက် မြို့တော်အဝင်အဓိကလမ်းမကြီးများကို အဆင့်မြှင့်တင်မွမ်းမံလျက်ရှိသည်။ တစ်ချိန်တည်းတွင် ရန်ကုန်မြို့တော်၏ ပတ်ဝန်းကျင်ရှိ ဒဂုံမြို့သစ်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ မင်္ဂလာဒုံ၊မြောက်ဥက္ကလာပမြို့များရှိ လမ်းများကိုလည်း အဆင့်မြင့်မွမ်းမံလျက်ရှိသည်။ လိုအပ်သည့်နေရာများတွင် လမ်းသစ်များဖောက်လုပ်ခြင်း၊ တံတားသစ်များ တည်ဆောက်ခြင်း လုပ်ငန်းများနှင့် သန်လျင်–ကျောက်တန်းစက်မှုဇုန် ဒေသသို့ လမ်းများတိုးချဲ့ဖောက်လုပ်ခြင်း လုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော်အတွင်း၌လည်း အပန်းဖြေဥယျာဉ်များ အဆင့်မြှင့်တင် မွမ်းမံတည်ဆောက်ခြင်းနှင့်အတူ အိမ်ရာစီမံကိန်းလုပ်ငန်းများကိုလည်း တစ်ပြေးညီဖြစ်ထွန်းလာစေရေးအတွက် စီမံကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိသည်။ မြို့တော်အတွင်း ခေတ်မီအထပ်မြင့် အိမ်ရာစီမံကိန်းများကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာ အထပ်မြင့်အဆောက်အအုံများ ခိုင်ခံ့မှုရှိရေး၊ တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျဖြစ်ရေး၊ စံချိန်စံညွှန်းများ ကိုက်ညီမှုရှိစေရေးတို့အတွက် အချိန်နှင့်တစ်ပြေးညီ စစ်ဆေးကြပ်မတ်ပေးကြရမည် ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် အထပ်မြင့်အဆောက်အအုံ စီမံကိန်းများကို တည်ဆောက်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းများ အဆင့်ဆင့်တွင် ခိုင်ခံ့မှုရှိရေး၊ သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်ရေး အစီအစဉ်များကိုပါ အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ အထပ်မြင့် အဆောက်အအုံများ တည်ဆောက်ရာတွင် မြို့တော်၏ ခံ့ညားတင့်တယ်မှုသာမက အဆောက်အအုံများ ရေရှည်ခိုင်ခံ့မှုရှိရေးတို့ကို အထောက်အကူဖြစ်စေမည့် ပြည်ပအတွေ့အကြုံများ၊ နည်းပညာနှင့် အတတ်ပညာများကိုပါ လေ့လာဆည်းပူးသင့်ပေသည်။

မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီ အစည်းအဝေး အမှတ်စဉ်(၆/၂၀၀၃)ကို နိုဝင်ဘာလ ၂၂ရက်နေ့က ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က မြို့တော်အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ **ယနေ့မိမိတို့ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အထပ်မြင့်အိမ်ရာစီမံကိန်းများ အပါအဝင် တည်ဆောက်ရေးလုပ်ငန်းကဏ္ဍတွင် အတွေ့အကြုံ၊ နည်းစနစ် ချို့ယွင်းအားနည်းမှု မရှိစေရန်၊ ရေရှည်ခိုင်ခံ့မှုရှိအောင် တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီမီဖြင့် သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင် မိမိတို့အင်ဂျင်နီယာအတတ်ပညာစွမ်းပကားဖြင့် ဆောင်ရွက်သွားကြရေး** မှာကြားခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကို ဖွဲ့စည်းထားပြီးဖြစ်ရာလက်ရှိနိုင်ငံ့ဝန်ထမ်း အင်ဂျင်နီယာများ၊ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားအင်ဂျင်နီယာများ၊ ပုဂ္ဂလိကကဏ္ဍတွင်ဆောင်ရွက်နေကြသောအင်ဂျင်နီယာများ ပါဝင်ကြသည်။ အဆိုပါ အင်ဂျင်နီယာများသည် ကြီးမားသောတံတားကြီးများ၊ ဆည်မြောင်း၊ တာတမံကြီးများကို ဆယ်စုနှစ်အတွင်း ရာနှင့်ချီ၍ အောင်မြင်စွာ တည်ဆောက်ပေးနိုင်ခဲ့ကြသူများဖြစ်သည်။

အင်ဂျင်နီယာများအနေဖြင့် ဆောက်လုပ်ရေးအတွေ့အကြုံ များစွာရရှိထားကြသူများဖြစ်ရာခေတ်မီနည်းစနစ်များ၊ အတွေ့အကြုံများ၊ အတတ်ပညာများကို ဆက်လက်လေ့လာ ဆည်းပူးရယူဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ မိမိတို့၏ အင်ဂျင်နီယာအတတ်ပညာရပ်များကို အရှေ့တောင်အာရှနှင့် အာရှအင်ဂျင်နီယာအတတ်ပညာ နယ်ပယ်တစ်ခွင်တွင် အောင်အောင်မြင်မြင် ရင်ပေါင်တန်း ဆောင်ရွက်သွားနိုင်ကြမည်ဖြစ်ပေသည်။

ယခုအခါ ရန်ကုန်မြို့တော်ကို ခေတ်မီလှပခံ့ညားသော မြို့တော်အဖြစ်အဘက်ဘက်က တည်ဆောက်မြှင့်တင်လျက်ရှိရာတွင် ခေတ်မီအထပ်မြင့်အိမ်ရာစီမံကိန်းများ တည်ဆောက်ရေးသည် တစ်ခုအပါအဝင်ဖြစ်သည်။ အိမ်ရာစီမံကိန်းများသာမက မြို့တော်အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများကိုလည်း တစ်ခုနှင့်တစ်ခု ဆက်စပ်ပြီး ဟန်ချက်ညီညီဖြစ်ထွန်းလာစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရန်ကုန်မြို့တော်ကြီးကို ခံ့ညားတင့်တယ်ထည်ဝါရေး အဆင့်မြှင့်ဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာတွင် သက်ဆိုင်ရာ အင်ဂျင်နီယာများက တည်ဆောက်ရေး လုပ်ငန်းတိုင်းတွင် ချို့ယွင်းအားနည်းမှုမရှိစေရေး အလေးထားပြီး ခိုင်ခံ့သော အဆောက်အအုံ၊ စံချိန်စံညွှန်းမီသော အဆောက်အအုံများ တည်ဆောက်ပြီးစီးရေး မိမိတို့၏ အတတ်ပညာနှင့် စေတနာပေါင်းစပ်၍ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

မြန်မာတုန်းတာကုန်စည်ပြပွဲ ၂၀၀၃ တတိယနေ့ ကြည့်ရှုသူများ အထူးစည်ကား

ရန်ကုန် နိုဝင်ဘာ ၂၈

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုပံ့ပိုးကူညီမှုဖြင့် ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းမရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနတွင် ယနေ့ တတိယနေ့အဖြစ် ဆက်လက်ပြသနေသော မြန်မာတုန်းတာ ကုန်စည်ပြပွဲ ၂၀၀၃တွင် လာရောက်ကြည့်ရှုသော အများပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသား၊ ကျောင်းသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါ ပြပွဲတွင် ပြည်တွင်း၊ ပြည်ပမှ အလှကုန်၊ လူသုံးကုန်၊ အထည်အလိပ်နှင့် စားသောက်ကုန် အမျိုးမျိုးတို့အပြင် ဂျပန်၊ စင်ကာပူ၊ ကိုရီးယား၊ ဂျာမနီ၊ စပိန်၊ အီတလီ၊ အင်ဒိုနီးရှား နိုင်ငံပေါင်းစုံတို့မှ တင်သွင်းသော ရုံးသုံး၊ ကျောင်းသုံးစာရေးကိရိယာများ၊ ယာဉ်နှင့် အိမ်ခန်းသုံး ရေမွှေးများ၊ ရေစုပ်ပန့်၊ မြက်ရိတ်စက်၊ သစ်ဖြတ်စက်၊ မီးစက်နှင့် အင်ဂျင်များ၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းများ၊ အရောင်တင်ဆီများ၊ အဆင့်မြင့်ကော်အမျိုးမျိုး၊ အလူမီနီယံလှေကားများကို ကုန်ပစ္စည်းအရောင်းမြှင့်တင်ရေးဆိုင်ရာ သရုပ်ပြရှင်းလင်းပွဲနှင့်အတူ ခင်းကျင်းပြသလျက်ရှိပြီး ပြပွဲကို နိုဝင်ဘာ ၃၀ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုလေ့လာ ဝယ်ယူနိုင်သည်။

(သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်

✳ မြောက်တိုင်းလည်း မမြောက်နဲ့

✳ ခြောက်တိုင်းလည်း မကြောက်နဲ့

✳ ချော့တိုင်းလည်း မပျော့နဲ့

အီရတ်မြောက်ပိုင်းတွင် အမေရိကန်ဆန့်ကျင်ရေး ခုခံတိုက်ခိုက်မှုများတိုးမြှင့်ပြုလုပ်လာ

မိုဆူးလ်(အီရတ်) နိုဝင်ဘာ ၂၈

အီရတ်နိုင်ငံ၏ မြောက်ပိုင်းမြို့တော်သည် ယခင်အခါက အေးဆေးတည်ငြိမ်လျက်ရှိသည်။ ယခု ဆောင်းတွင်းကာလ၌ လိမ္မော်ရောင်မီးတောက်များ၊ တလိပ်လိပ်တက်နေသော မီးခိုးလုံးကြီးများကို မြင်နေရပြီဖြစ်သည်။ ထိုအခြင်းအရာများသည် အီရတ်ခုခံရေးသမားများက ရေနံပိုက်လိုင်းများကို ဖောက်ခွဲတိုက်ခိုက်လိုက်သည့် လက္ခဏာပင်ဖြစ်သည်။

ဆန့်ကျင်တိုက်ခိုက်

မကြာသေးမီ သီတင်းပတ်များအတွင်းက မိုဆူးလ်မြို့တွင် လမ်းမပေါ် ဗုံးပေါက်ကွဲမှုများ ဖြစ်လာသည်။ လုပ်ကြံမှုများပေါ်ပေါက်လာသည်။ ဒုံးလက်နက်ဖြင့် တိုက်ခိုက်မှုများ တွေ့လာရသည်။ အမေရိကန်များနှင့် ၎င်းတို့နှင့် ပူးပေါင်းသော အီရတ်များကို ဆန့်ကျင်တိုက်ခိုက်ကြခြင်းပင်ဖြစ်သည်။

အီရတ်၏ တတိယအကြီးဆုံးမြို့ဖြစ်သော မြောက်ပိုင်းဒေသသို့ အမေရိကန် ကျူးကျော်သူများ ဝင်ရောက်စကာလများက မိုဆူးလ်မြို့မှာ အခြားနေရာများနှင့်စာလျှင်တည်ငြိမ်အေးဆေးခဲ့သည်။ သို့ရာတွင် ယခုအခါ ခုခံတိုက်ခိုက်မှုများဖြင့် လှုပ်လှုပ်ရွရွဖြစ်လျက်ရှိသည်။

အီရတ် ခုခံတိုက်ခိုက်ရေးသမားများသည် ပြောက်ကျားလှုပ်ရှားမှုများကို မြောက်ပိုင်းဒေသများသို့ပါ ကူးစက်ပျံ့နှံ့သွားအောင် ရည်ရွယ်ချက်ရှိရှိ ဗျူဟာချမှတ်၍ လုပ်ဆောင်နေခြင်းဖြစ်သည်ဟု မိုဆူးလ်မြို့၏ အာဏာပိုင်အသိုင်းအဝိုင်းက ဆိုသည်။

ယခင်အခါများက ဆန့်ကျင်ခုခံရေးလှုပ်ရှားမှုများသည် ဆွန်နီတြိဂံဒေသဟုခေါ်သော ဒေသ၌သာ ဖြစ်ပွားခဲ့သည်။

ညှိနှိုင်းလှုပ်ရှား

ယခင်အစိုးရဟောင်း၏အဖွဲ့ဝင်များသည် မိုဆူးလ်မြို့ရှိ ခုခံရေးသမားများ၊ ပြည်ပမှ ဝင်ရောက်လာသူများနှင့် ညှိနှိုင်းပြီး လှုပ်ရှားမှုများ ပြုလုပ်နေခြင်းဖြစ်သည်။ ၎င်းတို့ကို ဆက်ဒမ်ဟူစိန်နှင့် အက်ဇဒ်အီဘရာဟမ်(ခေါ်) အယ်ဒူရီတို့က ငွေကြေးထောက်ပံ့နေခြင်းဖြစ်သည်ဟု မိုဟာမက် အယ်ကာဘီက ပြောကြားသည်။ မိုဟာမက်အယ်ကာဘီသည် မျိုးချစ်ကာဒစ္စတန်(ပီယူကေ)အဖွဲ့၏ စစ်ရေးခေါင်းဆောင်ဖြစ်သည်။

အယ်ဒူရီသည် ယခင်အီရတ် အစိုးရဟောင်း၏ ဘာ့သ်ပါတီ၏ တော်လှန်ရေးဦးစီးကောင်စီ၏ ဒုတိယဥက္ကဋ္ဌဖြစ်သည်။

ထိုစဉ်က ၎င်းကောင်စီသည် အီရတ်တွင် အမြင့်ဆုံးအာဏာပိုင်အဖွဲ့ပင်ဖြစ်သည်။ ဒူရီသည် ဆက်ဒမ်ဟူစိန်၏ ယုံကြည်ရသူ လက်ရုံးတစ်ဦးလည်းဖြစ်သည့်အတွက် အမေရိကန်များက အလိုရှိဆုံးသော အီရတ်အစိုးရဝင်ဟောင်းဖြစ်သည်ဟု ဆိုသည်။

ကြိုးပမ်းဖော်ထုတ်

အယ်ဒူရီသည်အမေရိကန်ဦးဆောင်သောတပ်များကို ဆန့်ကျင်ခုခံတိုက်ခိုက်ရေး လှုပ်ရှားမှုများကို ဦးစီးညွှန်ကြားနေသည်ဟု ဆိုသည်။

ဒူရီသည် လွန်ခဲ့သော သုံးလခန့်က မိုဆူးလ်မြို့အပိုင် ကျေးရွာငယ်ကလေးတစ်ခုသို့ ရောက်ရှိလာခဲ့ကြောင်း သတင်းများကဆိုသည်။ အီရတ်လုံခြုံရေးအရာရှိက ထိုရွာသို့ဒူရီ ရောက်ရှိလာသော အဖြစ်အပျက်နှင့် ပြောက်ကျားလှုပ်ရှားမှုများ ဆက်စပ်မှု ရှိ၊ မရှိ ကြိုးပမ်း ဖော်ထုတ်လျက်ရှိသည်။

မတွေ့ရ

ဒူရီသည် ထိုရွာငယ်တွင် ခေတ္တမျှသာနေပြီး တိုက်ခိုက်မှုများပြုလုပ်ရန် ငွေများပေးပြီး ပြန်ထွက်သွားသည်။ အမေရိကန်တပ်ဖွဲ့များက ၎င်းကို ဖမ်းဆီးရန်ဝင်ရောက်သွားကြသောအခါ ဒူရီကို ထိုနေရာ၌ မတွေ့ရ တော့ပါဟု ရဲတပ်ဖွဲ့အကြီးအကဲ ဗိုလ်ချုပ်ဖိဒ်အွေနီက ပြောကြားခဲ့သည်။

ဘာ့သ်ပါတီဝင်အထက်တန်း အရာရှိဟောင်းများနှင့်လုံခြုံရေးဝန်ထမ်းဟောင်းများမှာ လစာဝင်ငွေမရသည်မှာ ကြာပြီဖြစ်သည်။ အမေရိကန်များကို တိုက်ခိုက်ပေးမည့် စေတနာ့ဝန်ထမ်းသမားများကို ရှာဖွေရသည့် အလုပ်မှာလည်း ခက်ခဲသည့် အခြေအနေမဟုတ်ပါ။ ၎င်းတို့သည် အမေရိကန်များအပေါ် မကျေမနပ် ဖြစ်မည်ဆိုပါက ဖြစ်လောက်ပေသည်။ သို့ဖြစ်၍ ငွေသာပေးလျှင် ထိုလူများသည် လိုလိုလားလား ဆန့်ကျင်လှုပ်ရှားကြမည်သာဖြစ်သည်ဟု ဗိုလ်ချုပ်အွေနီက ပြောကြားသွားသည်။

အခွင့်ကောင်းယူ

အီရတ်တွင် မတည်မငြိမ် ဖြစ်စေသည့် အခြားအကြောင်းလည်း ရှိနေသေးသည်။ အီရတ်ရဲတပ်ဖွဲ့မှာ အားနည်းနေပြီး ဥပဒေစိုးမိုးမှုမှာလည်း လျော့ရိလျော့ရဲဖြစ်နေသည်။ ထိုအခြေအနေကို ဆိုးသွမ်းသူရာဇဝတ်သားများက အခွင့်ကောင်းယူခဲ့ကြသည်။

အီရတ်နိုင်ငံ ကယ်ကွတ်မြို့တွင် ရန်သူစခန်းဟု ယူဆရသည့်နေရာအား အမေရိကန်က လေကြောင်းမှ တိုက်ခိုက်ပြီးနောက် အပေါက်ကြီး ဖြစ်ခဲ့သည်ကို နိုဝင်ဘာ ၂၅ ရက်က အမေရိကန် တပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးနေစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

နေ့စဉ်နေ့တိုင်းလည်း လူအများကြားတွင် မကျေနပ်မှုများ တိုးပွားလျက်ရှိသည်။

လောင်စာဆီရှားပါး

လျှပ်စစ်ဓာတ်အားကလည်း မကြာခဏပြတ်တောက်နေပြီး လောင်စာဆီသည်လည်း ရှားပါးလျက်ရှိသည် ဟု ဆိုသည်။ အထည်အလိပ်စတိုး ဆိုင်ရှင်တစ်ဦးက စီးပွားရေး ကောင်းမွန်လာစေရန် လုပ်ဆောင်သွားရန် လိုအပ်နေကြောင်း ပြောပြသည်။

ခုခံရေးသမားများသည် မရှိနွမ်းပါးသူများကို အလွယ်တကူပင် ငှားရမ်းနိုင်ကြသည်။ နွမ်းပါးသူများမှာ သူတို့၏ မိသားစုဘဝရပ်တည်ရေး အတွက် ဘာမဆို လုပ်ကြမည်သာဖြစ်သည်။

ပြောပြ

ဒီမိုကရေစီဆိုတာကတော့ ကောင်းမွန်ကြောင်း၊ သို့ရာတွင် မရှိနွမ်းပါးသူများအတွက် စားသုံး၍ရနိုင်သော အခြေအနေမရှိဘဲ ဖြစ်နေပါသည်ဟု ဈေး ဆိုင်ရှင် ဟာမစ်အေဘာရာဟမ်က ၎င်း၏အမြင်ကို ပြောပြသည်။

အင်တာနက်။

အမေရိကန်တပ်ဖွဲ့ စစ်ဆေးမေးမြန်းစဉ် အီရတ်ဗိုလ်ချုပ်ဟောင်းတစ်ဦး သေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၂၈

အမေရိကန်တပ်ဖွဲ့များ စစ်ဆေးမေးမြန်းစဉ် ယခင်ဆက်ဒမ်ဟူစိန်၏ တပ်မတော်မှ ဗိုလ်ချုပ်ဟောင်းတစ်ဦး သေဆုံးသွားခဲ့ရပြီး အမေရိကန် စစ်တပ်ဘက်မှ သွေးရိုးသားရိုး ကွယ်လွန်ခြင်းသာဖြစ်ကြောင်း ကြာသပတေးနေ့က ထုတ်ပြန်ချက်ပေးသွားခဲ့သည်။

လေကြောင်းကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်အဘက်ဟာမက် မော်ဟော့ရှ်သည် အနောက်ပိုင်းဆီးရီးယားနယ်စပ်အနီး အယ်လ်ကွာရင်းမြို့တွင် ဗုဒ္ဓဟူးနေ့မနက်က သေဆုံးသွားခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

မျိုးနွယ်စုအကြီးအကဲ

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက ဒေသခံနှင့် လူမျိုးနွယ်စုခေါင်းဆောင်များနှင့် ပူးပေါင်း၍ ရုပ်အလောင်းကို လွှဲပြောင်းပေးပြီး သေဆုံးရခြင်းအကြောင်းမှန်ကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း အစီရင်ခံစာတွင် ထည့်သွင်းထားသည်။ သေဆုံးသွားသော ဗိုလ်ချုပ်သည် မဟာလိုပီမျိုးနွယ်စုဝင် အကြီးအကဲတစ်ယောက်ဖြစ်သည်။

ခုခံရေးဒေသ

ဆွန်နီလူမျိုးစုအများအပြား နေထိုင်ရာ အဆိုပါ ဘဂ္ဂဒက်မြို့တော်အနောက်ဘက်နှင့် မြောက်ပိုင်ရှိ ယူဖရိတ်တောင်ကြား အလယ်ပိုင်းဒေသသည် ဆက်ဒမ်အစိုးရအား ခိုင်ခိုင်မာမာ အားပေးထောက်ခံခဲ့သော ဒေသလည်းဖြစ်သည်။ အယ်လ်ကွာရင်းနှင့် အခြားနယ်ခြားမြို့ဖြစ်သော ဟူးဆေးဘားအနီးတစ်ဝိုက် ဧရိယာများသည် အမေရိကန်စစ်တပ်များကို ဆန့်ကျင်ခုခံတိုက်ခိုက်မှုများ ပုံမှန်ပြုလုပ်နေသည့် ဒေသများဖြစ်ကြောင်းလည်း သိရသည်။

အင်တာနက်။

နိုဝင်ဘာ ၂၇ရက်က ဘဂ္ဂဒက်မြို့တော်တောင်ပိုင်း ဆင်ခြေဖုံးဒေသတွင် လက်နက်ရှာဖွေရေးစစ်ဆင်မှု ပြုလုပ်နေသည့် အမေရိကန် အမှတ်(၈၂) လေကြောင်းချီတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အာရှ၌ အိဒ်ဒ်စ်ရောဂါ အလွယ်တကူပျံ့နှံ့နိုင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေးပြောကြား

မနီလာ နိုဝင်ဘာ ၂၇

အာရှဒေသတွင်ဖြစ်ပွားနေသည့် အိပ်ချ်အိုင်ဗွီ၊ အိဒ်ဒ်စ် (ခုခံအား ကျဆင်းမှုရောဂါ)နှင့် ပတ်သက်၍ မသိနားမလည်မှု၊ ငြင်းဆန်မှု၊ ကြောက်ရွံ့မှုနှင့် သည်းခံနိုင်စွမ်းမရှိမှုတို့သည် ရောဂါအလွယ်တကူပြန့်ပွားနိုင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က သတိပေးပြောကြားလိုက်သည်။

အိဒ်ဒ်စ်ရောဂါမှ ပြည်သူလူထုအတွက် ယူရမည့်သင်ခန်းစာမှာ ဆေးနှင့်ပတ်သက်သည့်ကဏ္ဍအပြင် အခြားအကြောင်းခြင်းရာများကို ထည့်သွင်းစဉ်းစားရန်ဖြစ်ကြောင်း ဒဗလျူအိပ်ချ်အို၏ အနောက်ပစိဖိတ်ဒေသ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ရှိဂျာရူအိုမီ၏ ပြောကြားချက်ကို ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ကာကွယ်ရန်လိုအပ်

အိဒ်ဒ်စ်ရောဂါ ခံစားနေရသူများအား ဂရုစိုက်မှုခိုင်မာစေရေးအတွက် လူမှုရေးနှင့် နီးနွယ်နေသည့် ပြဿနာပေါင်းစုံအား ကုစားဖြေရှင်းရန် လိုအပ်လျက်ရှိပြီး ယင်းရောဂါ ပိုမိုပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်ရန်လည်းလိုအပ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ရမ်းသမ်းမှန်းဆထားသည့် အစွဲလမ်း၊ ငြင်းပယ်မှု၊ နာကျင်မှု၊ ဝိုင်းပယ်ကြဉ်ထားမှုတို့သည် အိပ်ချ်အိုင်ဗွီရောဂါပြန့်ပွားရေးအတွက် အရေးကြီးဆုံးသော ထိခိုက်စရာအကြောင်းခြင်းရာများဖြစ်ပြီး စွမ်းအင်ထက်မြက်သည့် ဆေးစွမ်းကောင်းပင်လျှင် ကုသနိုင်ဖွယ်မရှိနိုင်ကြောင်း အိုမီက ပြောကြားသည်။

ဖုံးကွယ်ထားလို

ပြည်သူလူထုအား ပြစ်တင်ပြောကြားမှုနှင့် စိတ်ပိုင်းဆိုင်ရာ ဆင်ခြင်တုံတရားရှိရုံမျှဖြင့် အဆိုပါရောဂါ ပြန့်ပွားနေမှုကို ရပ်ဆိုင်းစေရာတွင် အထောက်အပံ့ရနိုင်မည်မဟုတ်ကြောင်း၊ အမှန်တကယ်ဆိုပါက ရောဂါမှာပို၍ပြန့်ပွားလွယ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကဲ့ရဲ့အပြစ်ဆိုကြသည့် အုပ်စုများအနေဖြင့် ရောဂါဖြစ်ပွားမှုကို ဖုံးကွယ်ထားလိုကြပြီး ၎င်းရောဂါခံစားရသူများအားပေးမည့် အခွင့်အလမ်းများမှာလည်း ဆုံးရှုံးကုန်ကြောင်းဖြင့် ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ် နိုင်ငံသားများအား အချုပ်အခြာအာဏာ လွှဲပြောင်းပေးရေး အမေရိကန်အစိုးရ၏ အစီအစဉ်များ ပြည့်စုံမှုမရှိဟု ဝေဖန်ပြောကြား

နာဂျက်ဖ် (အီရတ်) နိုဝင်ဘာ ၂၈

အီရတ်နိုင်ငံသားများအား အချုပ်အခြာအာဏာ လွှဲပြောင်းပေးရေးနှင့်ပတ်သက်သည့် အမေရိကန်အစိုးရ၏ အစီအစဉ်များသည် ပြည့်စုံခြင်းမရှိဘဲ အနှစ်သာရလည်း လုံလောက်စွာပါဝင်မှု မရှိကြောင်းဖြင့် အီရတ်ထိပ်တန်း ရှီးယားအာဏာပိုင်တစ်ဦးက ဝေဖန်ပြောကြားလိုက်သည်။

နိုဝင်ဘာ ၂၆ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ညပိုင်း၌ စိန်ပြောင်း ထိမှန်ခံရသည့် နေအိမ်မှ ကားရပ်နားရာ နေရာတွင် ဖြစ်ကြောင်း ကုန်စင်ကို ခြေဟန်လက်ဟန်ဖြင့် ရှင်းပြနေသည့် အီရတ်အမျိုးသမီးကြီး တစ်ဦးအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ် ပြည်သူလူထုအများစုက ကြည်ညိုလေးစားသည့် အီရတ်နိုင်ငံသား သြဇာတိက္ကမရှိသော ခေါင်းဆောင် အယ်လ်စစ်စတန်နီက ယင်းအစီအစဉ်တွင် ဒွိဟပွားစရာများ ရှိနေကြောင်း ထုတ်ဖော်ပြောကြားသည်ဟု အီရတ်တော်လှန်ရေးကောင်စီ အကြီးအကဲဖြစ်သူ အဇစ်အယ်လ်ဟာကင်က ပြောကြားသည်။

လူသိရှင်ကြားထုတ်ဖော်

အယ်လ်စစ်စတန်နီက နိုင်ငံရေးနှင့်ပတ်သက်၍ရံဖန်ရံခါမှသာ လူသိရှင်ကြား ထုတ်ဖော်ပြောကြားလေ့ရှိသည်။ သို့ရာတွင်အာဏာလွှဲပြောင်းရေးနှင့်ပတ်သက်သည့် မည်သည့်ဝေဖန်မှုမျိုးမဆို အီရတ်ရှီးယား အများစုက ယင်းအစီအစဉ်ကို ပယ်ချသည့် အဓိပ္ပာယ်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ယင်းအစီအစဉ်တွင် ကွာဟချက်များ ရှိနေကြောင်း၊ ၎င်းအစီအစဉ်က အီရတ်ပြည်သူတို့၏ မျှော်လင့်ချက်များအား ဖြည့်ဆည်းပေးနိုင်စွမ်း နည်းပါးမည်ဖြစ်ပြီး ယင်းကိစ္စကို ကိုင်တွယ်ဖြေရှင်းသင့်ကြောင်း ၎င်းက ပြောကြားသည်။ အီရတ်ပြည်သူများအားအာဏာလွှဲပြောင်းပေးရေးလုပ်ငန်းစဉ်တွင် အီရတ်ပြည်သူလူထု၏ အခန်းကဏ္ဍမှာ မှေးမှိန်လျက်ရှိကြောင်း ဟာကင်က နာဂျက်ဖ်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

အမေရိကန် အရန်တပ်ဖွဲ့ဝင်တစ်ဦး အီရတ်၌ အသတ်ခံရမှု စုံစမ်းနေဆဲ

ဖို့ဒ်ကာဆန် နိုဝင်ဘာ ၂၇

ဖို့ဒ်ကာဆန်အခြေစိုက် အမေရိကန်အရန်တပ်တွင် တာဝန်ချပေးထားသည့် ယူးတားပြည်နယ်မှ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမှာ အီရတ်၌ တိုက်ပွဲပြင်ပ၌ ဗုဒ္ဓဟူးနေ့က ထိခိုက်သေဆုံးသွားကြောင်း စစ်ဘက်ကကြေညာသည်။

ယူးတားပြည်နယ် လေတန်မှ အမေရိကန်တပ်ဖွဲ့ဝင် ဒေးဗစ်ဂျေဂိုးလ်ဘတ်မှာ အီရတ်၌ ဖို့ဒ်ကာဆန် အရန်တပ်မှသေဆုံးသည့် ၃၂ဦးမြောက် အမေရိကန်တပ်ဖွဲ့ဝင်ဖြစ်သည်။ သူသည် အီရတ်နိုင်ငံ ကေယာရာ၌ အသတ်ခံရခြင်းဖြစ်ပြီး အသေးစိတ်ကို ထုတ်ပြန်မကြေညာဘဲ ယင်းအမှုကို စုံစမ်းစစ်ဆေးလျက်ရှိသည်ဆို၏။

အင်တာနက်။

မြို့တော်ဘဂ္ဂဒက်ရှိ အီတလီသံရုံးကို ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ် အီရတ်နိုင်ငံ မြို့တော်လုံခြုံရေးအခြေအနေ ဆိုးရွားနေပုံကို ဖော်ညွှန်း

ဘဂ္ဂဒက် နိုဝင်ဘာ ၂၇

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်ရေးသမားများက မြို့တော်ဘဂ္ဂဒက်ရှိ အီတလီသံရုံးကို ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခဲ့ကြောင်း သံရုံးအဆောက်အအုံမှာ ထိခိုက်ပျက်စီးခဲ့ရသော်လည်း ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း အမေရိကန်စစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားသည်။

အီတလီသံရုံး တိုက်ခိုက်ခံရမှုဖြစ်ရပ်က ညွှန်းဆိုနေသောအချက်မှာ အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် လုံခြုံရေးအခြေအနေ ဆိုးရွားနေမှုပင်ဖြစ်သည်။

အင်အားချည့်နဲ့

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ နာဆရီယာမြို့တွင် တည်ရှိသော အီတလီစစ်ရဲဌာနချုပ်ရုံး အဆောက်အအုံ အပြင်ဘက်တွင် လွန်ခဲ့သည့် ရက်သတ္တပတ်နှစ်ပတ်က အသေခံကားဗုံးခွဲမှု ဖြစ်ပွားခဲ့ရာ အီတလီလူမျိုး ၁၉ ဦးနှင့် အခြားလူ ၁၄ ဦး သေဆုံးခဲ့ရသည်။ အီတလီစစ်ရဲဌာနချုပ် တိုက်ခိုက်ခံရမှုသည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ အင်အားချည့်နဲ့သွားစေရန် ရည်ရွယ်လုပ်ဆောင်ပုံရကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ထိုစဉ်အတွင်း အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် မြောက်ဘက် ပင်မအဝေးပြေးလမ်းမကြီး တစ်လမ်းပေါ်တွင် ကြာသပတေးနေ့က အမေရိကန် စစ်ဘက်ဆိုင်ရာ မော်တော်ယာဉ်တန်းတစ်တန်းကို ခုခံတိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။ သို့ရာတွင် အမေရိကန်စစ်ဘက်က ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အတည်ပြုပြောကြားခြင်းမရှိပေ။

မည်သူမည်ဝါမသိရ

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် ကြာသပတေးနေ့က အီရတ်ရဲတပ်ကြပ်ကြီးတစ်ဦးကို မည်သူမည်ဝါမသိရသည့် သေနတ်သမားများက ပစ်ခတ်ခဲ့ရာ အဆိုပါ ရဲတပ်ကြပ်ကြီး သေဆုံးရကြောင်း အီရတ်တာဝန်ရှိသူများက ပြောကြားကြသည်။

မိုဆူးလ်မြို့တွင် ပြီးခဲ့သည့် တနင်္ဂနွေနေ့က အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေနတ်ပစ်ခံရကာ သေဆုံးခဲ့ရသည်။ မိုဆူးလ်မြို့သည် မကြာသေးမီကာလအထိ အေးချမ်းတည်ငြိမ်စွာရှိနေသော မြို့ဖြစ်ခဲ့ရာမှ ခုခံတိုက်ခိုက်မှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။

အင်တာနက်။

နိုဝင်ဘာ ၂၆ ရက်က ဘဂ္ဂဒက်မြို့လယ်ကို စိန်ပြောင်းထိမှန်မှုကြောင့် ပျက်စီးခဲ့ရသည့် အိမ်အမိုး၏ အပေါက်တွင်းမှနေ၍ အပျက်အစီးများကို ကြည့်ရှုနေကြသည့် အီရတ်အမျိုးသားများအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်ဝန်း၌ အာဟာရချို့တဲ့လူဦးရေ တိုးမြင့်လာ အငတ်ဘေး ထက်ဝက်ခန့်လျှော့ချရေး ပို၍ကွာလှမ်းနေ

ရောမ နိုဝင်ဘာ ၂၆

ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့က ကမ္ဘာတစ်ဝန်းရှိ အငတ်ဘေး တိုက်ဖျက်ရေးဆင်နွှဲမှုအား စိုးရိမ်ဖွယ်ကောင်းသည့် ထိုးနှက်မှုအဖြစ် အင်္ဂါနေ့က ကြေညာလိုက်ပြီး ကမ္ဘာတစ်ဝန်း၌ အာဟာရချို့တဲ့သည့် လူဦးရေ တိုးမြင့်လာကာ ၂၀၁၅ ခုနှစ်တွင် အငတ်ဘေး ထက်ဝက်ခန့်လျှော့ချမည့် ရည်မှန်းချက်သည် ပို၍ပို၍ ကွာလှမ်းလာကြောင်း ပြောကြားလိုက်သည်။

တိုးမြင့်လာ

၁၉၉၅-၁၉၉၇ ခုနှစ်မှ ၁၉၉၉-၂၀၀၁ ခုနှစ်အတွင်း ထုတ်ပြန်သည့် နောက်ဆုံး အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းတွင် ငတ်မွတ်ခေါင်းပါး သည့် လူဦးရေသည် ၁၈ သန်းမှ ၈၄၂ သန်းအထိ တိုးမြင့်လာခဲ့ကြောင်းဖြင့် ရောမအခြေစိုက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)၏ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ အက်ဖ်အေအိုအစီရင်ခံစာတွင် အငတ်ဘေးတိုက်ဖျက်ရေး ဆင်နွှဲရာတွင် ဆုတ်ဆိုင်းမှုများ ရှိခဲ့ကြောင်း ခန့်မှန်းဖော်ပြထားသည်။

ငတ်မွတ်ခေါင်းပါးသည့် လူ ၈၄၂ သန်းတွင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ လူဦးရေ ၇၉၈ သန်း၊ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံမှ လူဦးရေ ၁၀ သန်းနှင့်အသွင်ကူးပြောင်းနေသော နိုင်ငံများမှ လူဦးရေ ၃၄ သန်းပါဝင်ကြောင်း ၎င်းအက်ဖ်အေအို အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖွံ့ဖြိုးဆဲ နိုင်ငံများရှိ ငတ်မွတ်ခေါင်းပါးသည့် လူဦးရေမှာ မြင့်တက်လာဖွယ်ရှိကြောင်း အက်ဖ်အေအို ညွှန်ကြားရေးမှူးချုပ် ဂျက်ဒိုင်ဒုဖ်က ပြောကြားသည်။

စစ်တမ်းထုတ်

အဘယ်ကြောင့် ယင်းပြဿနာ ဖြစ်ပွားရသနည်းဟု မိမိတို့ကိုယ်တိုင် စစ်တမ်းထုတ်သင့်ကြောင်း ၎င်းက ပြောကြားသည်။ အငတ်ဘေးလျှော့ချနိုင်၍ အောင်မြင်ခဲ့သည့် နိုင်ငံများသည် စီးပွားရေး တိုးတက်မှုနှုန်း ပိုမိုမြင့်မားပြီး စိုက်ပျိုးရေးကဏ္ဍတွင် လျင်မြန်သည့် တိုးတက်မှု နှုန်းထားများ ရရှိအောင် ဆောင်ကြဉ်းနိုင်ခဲ့သောကြောင့် ဖြစ်ကြောင်း ဒိုင်ဒုဖ်က ပြောကြားသည်။

ထိန်းသိမ်းထား

ယင်းနောက် အဆိုပါနိုင်ငံများတွင် လူဦးရေတိုးတက်မှုနှုန်း ထိန်းသိမ်းထားနိုင်ပြီး အိပ်ချ်အိုင်ဗွီရောဂါ ပြန့်ပွားမှုကိုလည်း ကျဆင်းစေရန် ဆောင်ရွက်ခဲ့နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်အစိုးရထံ အာဏာအမြန်လွှဲပြောင်းပေးရန် အီရတ်ပါတီ တောင်းဆို အမေရိကန်တပ်များနေရာတွင် ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖြင့် အစားထိုးရန် လိုလား

ဘဂ္ဂဒက် နိုဝင်ဘာ ၂၆

အီရတ်နိုင်ငံ၌ လက်နက်ကိုင် ခုခံမှုများ တစ်ဟုန်ထိုး ဖြစ်လာရခြင်းအတွက် အီရတ်ကွန်မြူနစ်ပါတီက အမေရိကန်အစိုးရအား ပြစ်တင်လိုက်ပြီး မကြာမီကာလတွင် အီရတ်ရှိ အမေရိကန်တပ်များ၏ နေရာတွင် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်များဖြင့် အစားထိုးရန် လိုလားသည်။

အီရတ်အစိုးရထံ အာဏာလွှဲပေးရေး အစီအစဉ်ကို ညွှန့်ပေါင်းယာယီအာဏာ ပိုင်များက အကောင်အထည်ဖော်ရန် နှေးကွေးနေသည့်အတွက် ဆက်ဒမ် ဟူစိန်၏ အင်အားစုများနှင့် ခုခံ တိုက်ခိုက်ရေးသမားများ အနေဖြင့် ရဲတင်းလာခြင်းဖြစ်သည်ဟု အီရတ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် ဆာလမ်အလီက အေပီသို့ ပြောကြား လိုက်သည်။

အမေရိကန်တို့ အနေဖြင့် မေလ အတွင်းက မိမိတို့စကားကို နားထောင် ပြီး တရားဝင် အစိုးရတစ်ရပ် ဖွဲ့စည်း ရေးအတွက် အမျိုးသားညီလာခံ ကျင်းပခွင့် ပေးလိုက်လျှင် အီရတ်နိုင်ငံ၌ ယခုအခြေအနေအထိ မတည်မငြိမ် ဖြစ်လာမည်မဟုတ်ကြောင်း မစ္စတာ အလီက ပြောကြားသည်။

ယုံကြည်

မိမိတို့သည် ကုလသမဂ္ဂအနေဖြင့် အဓိက အခန်းကဏ္ဍမှ ပါဝင်ရမည်ဟု မိမိတို့ အမြဲယုံကြည်ကြောင်း၊ အီရတ် အစိုးရ၏ သဘောတူညီချက်ဖြင့် ကုလ သမဂ္ဂ၏ ကြီးကြပ်မှုအောက်တွင် နိုင်ငံစုံတပ်များ ရှိရမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။ ***အင်တာနက်။***

ကင်းလှည့်

နိုဝင်ဘာ ၂၅ ရက်က အီရတ် နိုင်ငံဖော်လူဂျာမြို့တွင် ကင်းလှည့် နေသည့် အမေရိကန် အမှတ် (၈၂) လေကြောင်းချီတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအား မြင်တွေ့ ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် အီရတ်အရေး တွေ့ဆုံဆွေးနွေးမည်

ကုလသမဂ္ဂ နိုဝင်ဘာ ၂၇

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် အီရတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၊ အီဂျစ်နိုင်ငံနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ရွေးချယ်ထားသည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံကာ အီရတ်အရေးကို ဆွေးနွေးမည်ဖြစ်ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲကို တနင်္လာနေ့တွင် နယူးယောက်မြို့ ကုလသမဂ္ဂ ဌာနချုပ်တွင် ကျင်းပမည်ဖြစ်ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ ဖရက်အက်ဟတ်က သတင်းထောက်များအား ပြောကြားသည်။

လုံခြုံရေးကောင်စီမှ ပါဝင်တက်ရောက်မည့် နိုင်ငံများမှာ အမြဲတမ်း အဖွဲ့ဝင် ငါးနိုင်ငံနှင့် အမြဲတမ်းအဖွဲ့ဝင်မဟုတ်သည့် ၁၀ နိုင်ငံအနက် ရွေးချယ်ထားသည့် ငါးနိုင်ငံဖြစ်သည့် အင်ဂိုလာ၊ ချီလီ၊ ဂျာမနီ၊ စပိန်နှင့် ပါကစ္စတန်နိုင်ငံတို့ ပါဝင်ကြမည်ဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲတွင် အီရတ်နိုင်ငံ၏ အိမ်နီးချင်း ခြောက်နိုင်ငံလည်း ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ *အင်တာနက်။*

စစ်ဆေး

ဘဂ္ဂဒက်မြို့ တောင်ပိုင်း ဆင်ခြေဖုံးဒေသရှိ လယ်ကွက် အတွင်း ပစ္စည်းသိုလှောင်ရုံမှ အိတ်များကို အမေရိကန်တပ်ဖွဲ့ ဝင်တစ်ဦး စစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့၏ စစ်ရာဇဝတ် သတင်းများကို စုဆောင်းနေသည့် အီရတ်ရှေ့နေ ဖမ်းဆီးခံရ

လန်ဒန် နိုဝင်ဘာ ၂၇

အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်များ ကျူးလွန်သည့် စစ်ရာဇဝတ်မှု သတင်းများကို စုံစမ်းနေသည့် လူ့အခွင့်အရေး ရှေ့နေတစ်ဦးဖြစ်သူ ဒေါက်တာအဗ္ဗဒူဟက်အယ်အေနီအား လန်ဒန်မြို့၌ ဖမ်းဆီးလိုက်ပြီး ၁၉၉၀ ပြည့်လွန်နှစ်များက ဆက်ဒမ်ဟူစိန်အစိုးရအား အရေးယူမှုများကို ချိုးဖောက်ရန် ကူညီသည်ဟု စွပ်စွဲလိုက်သည်။

ဒေါက်တာအေနီမှာ နိုင်ငံရေး ဖိစီး နှိပ်စက်မှု၏ သားကောင်ဖြစ်နေသည် ဟု စစ်ဆန့်ကျင်ရေး တက်ကြွလှုပ်ရှား သူများက ယမန်နေ့က အခိုင်အမာ ပြောဆိုကြသည်။

စစ်ဆန့်ကျင်ရေးရှေ့နေများ (လော) အဖွဲ့ဝင်တစ်ဦးအဖြစ် ဒေါက်တာ အေနီသည် အမေရိကန်စစ်တပ်က အရပ်သားအခွင့်အရေးများ ချိုးဖောက် ခြင်းနှင့် စပ်လျဉ်း၍ သက်သေခံချက် များ စုဆောင်းခဲ့သည့် အီရတ်နိုင်ငံမှ မကြာမီက ပြန်လာခဲ့သူဖြစ်သည်။

အီရတ်တွင်ရှိနေစဉ် ဒေါက်တာ အေနီသည် ဘဂ္ဂဒက်၌ အမေရိကန် တပ်ဖွဲ့ဝင်များ ဖမ်းထားသည့် အီရတ် ဒုတိယဝန်ကြီးချုပ်ဟောင်း အဇစ်ကို တွေ့ဆုံရန် ကြိုးပမ်းခဲ့သော်လည်း တွေ့ခွင့်မရခဲ့ပေ။

စစ်ဆန့်ကျင်ရေးရှေ့နေများ (လော) နှင့် ဒေါက်တာအေနီတို့က အီရတ် စစ်ပွဲမှာ ဥပဒေနှင့် ဆန့်ကျင်သည် ဆိုသော အခြေခံဖြင့် ဝန်ကြီးချုပ် တိုနီဘလဲနှင့် ရှေ့နေချုပ် ပီတာဂိုးလ် စမစ်တို့ကို ဥပဒေအရ အရေးယူရန် စဉ်းစားလျက်ရှိသည်။ အီရတ်တွင် ဗြိတိန်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခံရသူများ အမှုကိုလည်း လူ့အခွင့်အရေးဆိုင်ရာ ဥရောပ တရားရုံးသို့ တင်ပြတရားစွဲလိုကြသည်ဟု သိရသည်။

ဒေါက်တာအေနီအား အာမခံဖြင့် ပြန်လွှတ်လိုက်သည်။ ဇန်နဝါရီ ၂၃ ရက်တွင် ၎င်းအား မေးမြန်းစစ်ဆေး ဦးမည်ဟု ဆိုသည်။ ***အင်တာနက်။***

အီရတ်အနာဂတ် ဖွံ့ဖြိုးရေး ညှိနှိုင်းရန် အီရတ်မြောက်ပိုင်းတွင် စည်းဝေးမည်

လန်ဒန် နိုဝင်ဘာ ၂၇

အီရတ်နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစည်းအဝေးတစ်ရပ်ကို ဒီဇင်ဘာလတွင် အီရတ်ကာဒ့်အာဏာပိုင်များက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်ကြောင်း၊ အဆိုပါ အစည်းအဝေးသို့ အီရတ်အုပ်ချုပ်ရေးကောင်စီဝင်များနှင့် အခြားသော ထင်ရှားကျော်ကြားသည့် ထိပ်တန်းပုဂ္ဂိုလ်များ တက်ရောက် ကြမည်ဖြစ်ကြောင်း အရာရှိများက ဗုဒ္ဓဟူးနေ့တွင် ပြောဆိုသည်။

တိုက်တွန်း

ဘေးအန္တရာယ်ကင်းရှင်းပြီး တည်ငြိမ်သည့် အီရတ်ကာဒ့်ဒေသတွင် ဒီဇင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ အရေးပေါ်ထိပ်သီးအစည်းအဝေးကျင်းပရန် ကာဒစ္စတန် ဒေသအစိုးရ(ကေအာရ်ဂျီ)က တိုက်တွန်းကြောင်း ကာဒစ္စတန်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း၏ ပြောရေးဆိုခွင့်ရှိသူ မိုက်ကယ်ဘလင်းက ရိုက်တာသို့ ပြောကြားသည်။

ဤအစည်းအဝေးက ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များ၊ ရင်းနှီးမြှုပ်နှံမှုစံများ၊ အီရတ်ပြန်လည်တည်ဆောက်ရေး စီမံချက်တို့ကို ဆွေးနွေးမည်ဟု မိုက်ကယ် ဘလင်းက ပြောဆိုသည်။

တက်ရောက်ကြမည်

အစည်းအဝေးကို ကာဒစ္စတန်ဒေသအစိုးရ ဝန်ကြီးချုပ် ဘာဇာနီက ဦးစီးကျင်းပမည်ဖြစ်ပြီး အစည်းအဝေးသို့ အီရတ်နိုင်ငံခြားရေးဝန်ကြီး ပရိစ်ယာ ဇေဘာရီ၊ ရှမ်မာလူမျိုးစုခေါင်းဆောင်များ၊ မိုဆူးလ်၊ ကယ်ကွတ်နှင့် ဘူဟက်ဒေသ ခေါင်းဆောင်များ၊ ဘာသာရေး အုပ်ချုပ်ရေးမှူးနှင့် ဖိတ်ကြားထားသည့် စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ကြမည်ဟု သိရသည်။ ***အင်တာနက်။***

ထိုင်းနိုင်ငံ၌ မူးယစ်ဆေးဝါး ကီလို ၂၀၀၀ ခန့် ဖျက်ဆီးပွဲ ကျင်းပ

ဗန်ကောက် နိုဝင်ဘာ ၂၇

ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနသည် ဘတ်ငွေ ၂ ဒသမ ၈ ဘီလျံ (အမေရိကန်ဒေါ်လာ သန်း ၇၀)ဖိုးရှိ မူးယစ်ဆေးဝါး ကီလို ၂၀၀၀ နီးပါးကို ဗုဒ္ဓဟူးနေ့က ဖျက်ဆီးပစ်လိုက်သည်။

တက်ရောက်

ယင်းမူးယစ်ဆေးဝါးများ ဖျက်ဆီးပွဲသို့ ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေး ဝန်ကြီး ဆူဒါရတ်ကေယူရာဖန်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မူးယစ်ဆေးဝါး နှိမ်နင်းတားဆီးရေးနှင့် သက်ဆိုင်သည့် နိုင်ငံတကာ အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များ၊ ထိုင်းအစိုးရ တာဝန်ရှိပုဂ္ဂိုလ်များ၊ မီဒီယာ သတင်းများနှင့် ပြည်သူလူထုတို့ တက်ရောက်ကြသည်။

ယင်းကဲ့သို့ မူးယစ်ဆေးဝါးများ ဖျက်ဆီးမှုသည် ယခုနှစ်အတွင်း ထိုင်းအစိုးရက တတိယအကြိမ်မြောက် ဖျက်ဆီးခြင်းဖြစ်ပြီး ယခုအထိ အကြိမ်(၃၀)မြောက် ဖျက်ဆီးခြင်းဖြစ်သည်။ *အမ်အင်အေ၊ဆင်ဟွာ။*

ကြေးသွန်းဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၈

ဗဟန်းမြို့နယ် မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရားကြီး၏ (၈၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၇ နာရီတွင် ဖွင့်လှစ်ပြီး ဒီဇင်ဘာ ၈ ရက် နံနက် ၄ နာရီတွင် ဘုရားအနေကဇာ တင်ခြင်းနှင့် အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်ချလှူဒါန်းပြီး ညနေ ၃ နာရီတွင် ဆွမ်းဆန်စိမ်းလောင်းလှူမည် ဖြစ်သည်။ (က–ပ)

ပြိုးပြီခွေ့တာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

လင်းလော့လွိုင်လင် လွိုင်လင်လင်းလော့ (၃)

ရတနာစည်ဆရာတော်(လွိုင်လင်)

(က)

ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင်ဝင်းအတွင်း၌ တည်ရှိသော စေတီတော်ကြီး။ ရန်ကုန်မြို့ရှိ ကမ္ဘာကျော် ရွှေတိဂုံစေတီတော်မြတ်ကြီးကိုယ်တော်တိုင် ကောင်းကင်ခရီးဖြင့်ကြွလာကာ ပြည်ထောင်စု ကျောက်တိုင်ဝင်းအတွင်း စံပယ်တော်မူနေသလောဟု ထင်ရလောက်သည့် လက်ရာမြောက်စွာ တည်ထားလျက်ရှိသော မဟာရဋ္ဌာဘိသာမင်္ဂ စေတီတော်ကြီး။

ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင်ဝင်းအတွင်း တစ်လှမ်းချင်းဝင်လာသည်နှင့်တစ်ပြိုင်နက် ရွှေရောင်တဝင်းဝင်းဖြင့် လင်းလင်းလက်တောက်ပလျက်ရှိသော ရွှေတိဂုံပုံတူစေတီတော်ကြီးကို ထီးထီးမားမား ဖူးမြင်နေရ၏။ အရပ်အစလာ ဘဂဝါအဆုံး ဘဝဂ်ချွန်းမျှ ဘုန်းတော်တန်ခိုးတော် စွမ်းအား၊ တည်ထားကိုးကွယ်သူ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ စေတနာစွမ်းအားတို့ကညို့ထားပြီးဖြစ်ရာ အလိုလိုလက်အုပ်ချီမိရင်း တစ်လှမ်းချင်းလှမ်းလာရာဝယ် စေတီတော်ကြီး ခြေတော်ရင်းအရောက်တွင် ကိုးပေမြင့်သည့် ကုန်းပြင်မြင့်ပေါ်သို့ ထည်ဝါလှသော သရက်ကင်းလှေကားကြီးမှတစ်ဆင့် တစ်ထစ်ချင်း လှမ်းတက်ခဲ့၏။

ကိုးပေအမြင့် ရင်ပြင်တော်ပေါ်သို့ ရောက်ရှိလာ၍ ပေ ၆၀ တူရူလျှောက်လှမ်းမိသောအခါ ပေ ၂၀ အမြင့်ရှိ မုခ်ဦးတံခါးသို့ရောက်၏။ မုခ်ဦးအတွင်းသို့ ပေ ၄၀ ဆက်လျှောက်မိသောအခါ ပတ်ပတ်လည်အကျယ် ပေ ၁၂၀ ရှိလျက်အမြင့်ပေ ၆၀ မြင့်ပြီး တိုင်တစ်လုံးမျှမရှိသော အံ့ဩဖွယ်လိုဏ်ဂူအတွင်း ရောက်သွားလေတော့၏။

ဤတွင် မူလရွှေတိဂုံစေတီတော်ကြီးထက်လည်းကောင်း၊ နိုင်ငံအနှံ့ တည်ထားကိုးကွယ်သော ရွှေတိဂုံ ကိုယ်ပွားစေတီတော်များထက်လည်းကောင်း ထူးခြားအားသာသော တည်ဆောက်မှုအဖုံဖုံကို တအံ့တဩ ငေးမောနေရတော့၏။

- မြန်မာနိုင်ငံ၌ ပထမဆုံး အဆင့်မြင့်နည်းပညာအရ တည်ဆောက်သည့် အမာခံ တည်ဆောက်မှုပုံစံ (Structure Design) ဖြင့် တည်ဆောက်ထားခြင်း။
- အတွင်းလိုဏ်(Dome)၌ မဏ္ဍိုင်(တိုင်များ)မပါရှိဘဲ ဟင်းလင်းပြင် တည်ဆောက်ထားခြင်း။
- လိုဏ်ဗဟိုချက်၌ အချင်း ၂၁ ပေရှိ သံကူကွန်ကရစ်အချုပ်(Central Piece Compression Ring) ဖြင့် တည်ဆောက်ထားခြင်း။
- ပေ ၁၂၀ အဝန်း၏ အောက်ခြေ ပြန့်ကားမသွားရန်နှင့် ကျုံ့ဝင်မသွားရန်အထူးတွက်ချက်ထားသောဗြက် ၂၄လက်မ x ၃လက်မ ၄၀ သံချောင်းပေါင်း ၃၆ ချောင်း ချည်နှောင် ထည့်သွင်းထားသည့် သံကူကွန်ကရစ် ရက်မကြီးများဖြင့် မြေတွင်း၌ လက်ယှက်ထိုးချုပ်ထားပြီး တည်ဆောက်ထားခြင်း။
- လိုဏ်အထက်၌ တည်ရှိသော ရွှေတိဂုံပုံတူစေတီပုံစံ၏ ဖိအားမရှိစေရန် အုတ်များကို လုံးတော်ပြည့်မစီဘဲ ပုံဖော်အုတ်ဖြင့်သာ အခိုင်အခံ့ တည်ဆောက်ထားခြင်း။

အမြွက်မျှ ဖော်ပြနိုင်သည့် ယင်းတည်ဆောက်ပုံ အားသာချက်များကြောင့် ဤမဟာရဋ္ဌာဘိသာမင်္ဂ ရွှေတိဂုံ ပုံတူစေတီတော်ကြီးသည် အဘယ်မျှ လှုပ်ခါအားကောင်းသော ငလျင်ကြီးမျိုးကိုမဆို ကြံ့ကြံ့ခံ တည်ရှိတော်မူမည်ဖြစ်ရကား ကမ္ဘာမြေတည်နေသမျှ မပြိုမအက် မယိုင်မလဲ ခိုင်မြဲတံ့တံ့ တည်တော်မူမည့် စေတီတော်ကြီး ဖြစ်ပါလေတော့၏။

(ခ)

စေတီတော်ကြီး တည်ထားခြင်းလုပ်ငန်း အလုံးစုံပြီးစီးသွားလျှင် အထက်ပါအတိုင်း အက္ခရာခြယ်သနိုင်မည့် မဟာရဋ္ဌာဘိသာမင်္ဂစေတီတော်ကြီး လောလောဆယ် တည်ဆောက်ဆဲလုပ်ငန်းခွင်ရှိရာ ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင်ဝင်းအတွင်းသို့ ၃၀–၉–၂၀၀၃ ရက်စွဲ နံနက် ၈ နာရီအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် လိုက်ပါလျက် ရောက်ရှိလာကြရာ ခရိုင်နှင့်မြို့နယ်အဆင့် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများက လှိုက်လှဲဝမ်းသာ ကြိုဆိုကြကုန်၏။

ရှေးဦးစွာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ အေရှားဝေါလ်ကုမ္ပဏီဒါရိုက်တာ ဦးမောင်ကျေးက တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခ ဦးစန်းကြူက နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးဆောင်ရွက်မှုများကိုလည်းကောင်း၊ မြန်မာမှုပညာရှင် ဦးအုန်းတင်က စေတီတော်ကြီး၌ ဆောင်ရွက်မည့် မြန်မာမှုလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က စေတီတော်ပရိဝုဏ် သာယာလှပရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် သုံးသပ်ပြီး ဤသို့ လမ်းညွှန်မှာကြား၏။

အလယ်မဏ္ဍိုင်မပါဘဲ ခုံးပုံစံတည်ဆောက်မည်ဖြစ်သဖြင့် စေတီတော်ကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် ခေတ်မီနည်းပညာများ၊ ခေတ်မီ တည်ဆောက်ရေးစနစ်များ အသုံးပြု တည်ဆောက်လျက်ရှိသောကြောင့် တည်ဆောက်ရေးအပိုင်း၊ ဗိသုကာပုံစံထုတ်လုပ်မှုအပိုင်း၊ တည်ဆောက်မှုအရည်အသွေးစစ်ဆေးရေးအပိုင်း၊ ခံနိုင်ဝန်အား စိစစ်တိုင်းတာမှုအပိုင်း၊ မြန်မာမှုလက်ရာတပ်ဆင်ရေးအပိုင်းတို့တွင် ပညာရှင်များအချင်းချင်း အမြဲမပြတ်ညှိနှိုင်းပြီး ရည်မှန်းချက် ပြည့်မြောက်အောင် ကြိုးစားဆောင်ရွက်သွားကြရန်။

ဤမဟာရဋ္ဌာဘိသာမင်္ဂစေတီတော်ကြီး တည်ဆောက်ရေးစီမံကိန်းကို အေရှားဝေါလ်ကုမ္ပဏီက တာဝန်ယူတည်ဆောက် အကောင်အထည်ဖော်လျက်ရှိ၏။ ခေတ်အမီဆုံးနည်းပညာတို့ဖြင့် ကမ္ဘာတည်သရွေ့တည်စေရန် တည်ဆောက်နေခြင်းဖြစ်သောကြောင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ နည်းပညာဆိုင်ရာ အကူအညီကိုလည်း ရယူလျက်ရှိ၏။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးကလည်း ပညာရှင်များဖြစ်ကြသည့် ဒုတိယပါမောက္ခ ဦးစန်းကြူ၊ ကထိက ဦးတိုးတိုးဝင်းတို့ကို တာဝန်ပေးကာ ပင်လုံလုပ်ငန်းခွင်သို့ စေလွှတ်လျက် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးစေလျက်ရှိ၏။ စီမံကိန်းတာဝန်ခံအင်ဂျင်နီယာ ဦးတင့်လွင်ကလည်း အနီးကပ် ကြပ်မတ်ကွပ်ကဲလျက်ရှိ၏။ စီမံကိန်းတာဝန်ခံ မန်နေဂျာ ဦးချစ်သန်းဝင်းကလည်း လိုအပ်သည်များကို လိုအပ်သလို ဆက်စပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိ၏။

(ဂ)

ဤစေတီတော်ကြီး တည်ထားကိုးကွယ်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အပါအဝင် နိုင်ငံတော်၏ တာဝန်ရှိပုဂ္ဂိုလ်ကြီးများသည် စေတီတော်ကြီး တည်ထားကိုးကွယ်မည့် နယ်မြေသို့ အခေါက်ခေါက်အခါခါ လာရောက်ကြကာ မြေသန့်မင်္ဂလာဆင်ယင်ကျင်းပခြင်း၊ ရတနာပန္နက်တော်တင်မင်္ဂလာ အခမ်းအနားကျင်းပခြင်း၊ ရတနာအုတ်မြစ်တော်စီမင်္ဂလာနှင့် သတ္တဌာနမူလဌာပနာတော်သွင်း မင်္ဂလာအခမ်းအနားကျင်းပခြင်း၊ အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကျင်းပခြင်း၊ စေတီတော်တည်ဆောက်ရေးလုပ်ငန်းများနှင့် စေတီတော်ပရိဝုဏ် လှပသာယာရေးလုပ်ငန်းများ လမ်းညွှန်မှာကြားခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ကြသည်။ ထိုကာလများတစ်လျှောက် ဝမ်းမြောက်ကြည်နူးလှစွာသော မုဒိတာပီတိတို့ဖြင့် ဤအရှင်တို့သည် ဆောင်းပါးများ ရေးသားမှတ်တမ်းတင်ခဲ့ရာဝယ် **ပြည်ထောင်စုအတွက် ကောင်းမှုနိဒါန်း** ဆောင်းပါးအဆုံး၌ **ယင်းသည် ပြည်ထောင်စုအတွက် ကောင်းမှုနိဒါန်းဖြစ်၏။ ယင်းနိဒါန်း စာမျက်နှာသည် ရွှေအက္ခရာဖြင့် ဝင့်၏။ ယင်း ရွှေအက္ခရာသည် ကမ္ဘာတည်သမျှ တင့်လေလိမ့်လတ္တံ့** ဟုလည်းကောင်း၊ **ပြည်ထောင်စုစိတ်ဓာတ်နှင့် ကောင်းမှုတော် ပုံဒြပ်** ဆောင်းပါးအဆုံး၌ **ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အခြားအစိတ်အပိုင်းများဖြစ်သည့် အခြားသော ပြည်နယ်များ၊ တိုင်းများ၊ ဖွံ့ဖြိုးရေးဒေသများရှိ တိုင်းရင်းသားများအားလုံး သိရှိကြားနာ မုဒိတာဖြင့် သာသနာနှင့်ပြည်ထောင်စု၊ ပြည်ထောင်စုနှင့် သာသနာ ကမ္ဘာတည်သမျှ တည်စေရဖို့ ဆန္ဒ–ဝီရိယ စိတ္တ–ဝီမံ လေးတန်ဣဒ္ဓိပါဒ် ရင်မှာအပ်ရင်း ပြည်ထောင်စုစိတ်ဓာတ်ကို ကောင်းမှုတော်ပုံဒြပ်၌ ထင်ဟပ်နှိပ်သွင်း ကမ္ဘာချင်းအောင် အလင်းထွန်းပ ထာဝရ အလှဆောင်ကြည်းနေအပ်ကြပါကုန်၏** ဟုလည်းကောင်း အင်ပြည့်အားပြည့် ရေးသားခဲ့သည်များကို တစ်လုံးမကျန် ပြန်လည်မှတ်မိနေပါသည်။

(ဃ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် သုံးသပ်လမ်းညွှန်မှာကြားပြီးနောက် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ ဒုတိယအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်လေ၏။

ဘာသာရေးအစဉ်အလာနှင့်အညီ ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ကာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ စေတနာရှင်များက နိုင်ငံတော် သံဃမဟာနာယက ပင်လုံ မင်္ဂလာမွေတော်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘိတအမှူးပြုသည့် ဆရာတော် သံဃာတော်များအား ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြ၏။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အလှူတော်ငွေကျပ် သိန်း ၁၀၀၀ ကို မဟာရဋ္ဌာဘိသာမင်္ဂစေတီတော် တည်ထားကိုးကွယ်ရေးဦးစီးကော်မတီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ထံပေးအပ်ပြီး ဆက်လက်၍ ဝန်ကြီးဌာနများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ၏ အလှူတော်ငွေများကို တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးတို့က လက်ခံကြ၏။ ဝမ်းမြောက်ဖွယ်၊ အားတက်ဖွယ်၊ တသက်သက် အောက်မေ့ဖွယ်တို့ဖြင့်ပြီးသော ဒုတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲ၌ နိုင်ငံတော်အစိုးရက အလှူတော်ငွေကျပ် သိန်း ၁၀၀၀ လှူဒါန်းကာ–

- ရှမ်းရိုးမကျောက်မျက်ကုမ္ပဏီလီမိတက်က ကျပ် သိန်း ၃၀၀။
- ဒေဝအုပ်စုဆောက်လုပ်ရေးကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က ကျပ်သိန်း ၂၀၀။
- ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆) ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ခမ်းထိက ကျပ်သိန်း ၁၀၀။
- အေရှားဝေါလ်ကုမ္ပဏီလီမိတက်က ကျပ်သိန်း ၁၀၀ တို့ကို အသီးသီး လှူဒါန်းပေးအပ်ကြလေ၏။

ထို့နောက် ကျပ် ၇၅ သိန်း အလှူရှင်များဖြစ်ကြသည့် ရှမ်း(တောင်) အထူးဒေသ(၆) ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ ပတ္တမြားနဂါးကုမ္ပဏီ ဥက္ကဋ္ဌ ဦးနေဝင်းထွန်း ဇနီး ဒေါ်နန်းအေးအေးမြင့်မိသားစုနှင့် နောင်တုံဆောက်လုပ်ရေးကုမ္ပဏီမိသားစုတို့ကလည်းကောင်း၊ ကျပ် ၂၅ သိန်းအလှူရှင် ပတ္တမြားနဂါးကုမ္ပဏီ ဒါရိုက်တာမောင်ကောင်းမြတ်၊ ကျပ် ၁၀ သိန်းအလှူရှင်မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးတို့ကလည်းကောင်း၊ ကျပ် ၁၀ သိန်း အောက် အလှူရှင်များကလည်းကောင်း သဒ္ဓါထက်သန်စွာ အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြလေ၏။

ဗုဒ္ဓဘာသာစဉ်လာထုံးတမ်းအရ ဝမ်းပန်းတသာပြုအပ်သည့် ကောင်းမှုကုသိုလ်၏ ကောင်းကျိုးချမ်းသာကို တစ်ဦးတည်းမခံစားဘဲ သတ္တဝါအများသို့ မျှဝေပေးအပ်သည်တွင် ကုသိုလ်အမျှဝေသံ နဘံမိုးလုံး ရိုက်ချုန်းသွားသလို သာဓုခေါ်သံ မိုးထက်ပျံ တိမ်ယံထွင်းဖောက် ခြောက်ရွာနတ်နယ် နှစ်ဆယ်ဗြဟ္မာ အဇ္ဈောဘဝဂ် ပျံတက်လွှမ်းမိုးသွားလေ၏။ ဆက်လက်၍ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကြပြီးသော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဝမ်းမြောက်ဝမ်းသာ ဩဘာထုတိ ပီတိမင်္ဂလာစကား ဤသို့ ပြောကြားလေ၏။

ပင်လုံဒေသနေ တိုင်းရင်းသားပြည်သူများ၏ ကိုးကွယ်ပူဇော်ရာ အဖြစ်သော်လည်းကောင်း၊ ရှမ်းပြည်နယ် အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ ကိုးကွယ်ပူဇော်ရာအဖြစ်သော်လည်းကောင်း၊ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအပေါင်းအတွက် ကိုးကွယ်ပူဇော်ရာ အဖြစ်သော်လည်းကောင်း ရည်မျှော်ပြီး ဤမဟာရဋ္ဌာဘိသာမင်္ဂစေတီတော် မြတ်ကြီးကို ထူးမြတ်လှသည့် ပင်လုံဒေသတွင် တည်ထားလျက်ရှိကြောင်း။

ပင်လုံဒေသတွင် တည်ထားကိုးကွယ်သည့် မဟာရဋ္ဌာဘိသာမင်္ဂ စေတီတော်မြတ်ကြီးသည် မြန်မာပြည် အနှံ့အပြားတွင် တည်ထားကိုးကွယ်ကြသည့် အခြားသောစေတီပုထိုးများနှင့်မတူညီဘဲ ပုံသဏ္ဍာန်ရော အဆင့်မြင့် နည်းပညာ အသုံးပြုထားမှုပါ ထူးခြားသည် ဟု ပြောလိုကြောင်း။

မဏ္ဍိုင်မပါဘဲ ပေ ၁၂၀ ကျယ်ဝန်းသည့် လိုဏ်ဂူတော်ထက်တွင် ရွှေတိဂုံပုံတူ စေတီတော်မြတ်ကို သံထည်များ အသုံးပြုပြီး အဆင့်မြင့်နည်းပညာများဖြင့် တည်ဆောက်နေခြင်းဖြစ်ရာ လေဒဏ်၊ မိုးဒဏ်၊ ငလျင်ဒဏ်တို့ ခံနိုင်ရည်ရှိအောင် တည်ဆောက်လျက်ရှိခြင်းကြောင့် ကမ္ဘာတည်သရွေ့ တည်တံ့မည့် စေတီတော်မြတ်ကြီးဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရမည်ဆိုသည့် သန္နိဋ္ဌာန်ဖြင့် ဤစေတီတော်ကြီးကိုလည်း ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေအောင် စနစ်တကျ တည်ထားလျက်ရှိခြင်းဖြစ်ကြောင်း။

ကြားရုံမျှဖြင့် အားရွှင်လန်း လက်ပမ်းပေါက်ခတ်ဖွယ်၊ ဂုဏ်ယူမဆုံးဖွယ်ဖြစ်ရ၏။ စေတီတော်ကြီး တည်ထားပြီးစီးအောင်မြင်၍ မျက်မြင်ဖူးတွေ့ရသည့်အခါတွင်မူကား အဟောဝတ အဟောဝတ ဩချအံ့အား တဖွားဖွား မနားတမ်း လက်ဖျစ်တီးနေရတော့မည် မုချဖြစ်၏။ လက်ဖျစ်တီး၍ အံ့ချီးမကုန်လောက်သည့် တည်ဆောက်မှုအဖုံဖုံ ဖြစ်တည်မှုအစုံစုံတို့ကြောင့် ဗုဒ္ဓဂုဏ်အနန္တ၌ ကြည်ဆွသဒ္ဓါ လက်လက်ဖြာရင်း ကမ္ဘာတည်သရွေ့မြန်မာတည်၊ မြန်မာတည်သရွေ့ သာသနာတည် မျှော်ရည်မိဋ္ဌာန် သန္နိဋ္ဌာန် မြဲမြဲခိုင်မတ် နေကြတော့မည်ဖြစ်၏။

(င)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ၂၉–၉–၂၀၀၃ မှ ၁–၁၀–၂၀၀၃ အထိ လွိုင်လင်ခရိုင် အလင်းမြင့်ခရီးစဉ်အတွင်း လင်းခေးမြို့၌ ဒါးဆိပ် မြစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးစီးပွား အလင်းကိုလည်းကောင်း၊ ကျိုင်းတောင်းဒေသ ကျိုင်းတောင်းရေတံခွန် ရေအားလျှပ်စစ်စီမံကိန်းဖြင့် လျှပ်စစ်စွမ်းအား အလင်းကိုလည်းကောင်း မြှင့်တင်ပေးခဲ့ပြီးနောက် ယခုပင်လုံဒေသ မဟာရဋ္ဌာဘိသာမင်္ဂစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ပူဇော်ရေး စီမံကိန်းဖြင့် ကုသိုလ်ကောင်းမှုအလင်းကို မြှင့်တင်ဖြန့်ဝေပေးလိုက်လေပြီ။

နိုင်ငံတော်အစိုးရ၏ ကုသိုလ်စေတနာအလင်းသည် ပင်လုံဒေသ လွိုင်လင်ခရိုင်သားတို့အပေါ်မှာ ယှက်ဖြာခြုံလွှမ်း အံ့မခန်းရှိလွန်းလေစွ။ ရှမ်းပြည်နယ် တိုင်းရင်းသားတို့အပေါ်မှာ ယှက်ဖြာခြုံလွှမ်း အံ့မခန်းရှိလွန်းလေစွ။ ပြည်ထောင်စုမြန်မာနိုင်ငံသားတို့အပေါ်မှာ ယှက်ဖြာခြုံလွှမ်း အံ့မခန်းရှိလွန်းလေစွ။ ယင်းကို ပင်လုံဒေသ လွိုင်လင်ခရိုင်သားတို့သည်လည်းကောင်း၊ ရှမ်းပြည်နယ် တိုင်းရင်းသားတို့သည်လည်းကောင်း၊ မြန်မာနိုင်ငံ နိုင်ငံသားတို့သည်လည်းကောင်း နှစ်ထောင်းပီတိ ရွှန်းရွှန်းအိ တိတိပပသိရှိကာ ကောင်းစွာခံယူတတ်ကြရပါမည်။

ဖွံ့ဖြိုးရေးအထူးဒေသ လွိုင်လင်ခရိုင်သားတို့၏ နား၌ နိုင်ငံတော်အစိုးရ၏ စေတနာအလင်းစကားကို ဤသို့ ကြားနေရပါကုန်၏။

လင်းလော့လွိုင်လင် လွိုင်လင်လင်းလော့ ...။ ။

သဲအင်းဂူခုနစ်ရက်အဓိဋ္ဌာန် တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၈

တောင်ဥက္ကလာပမြို့ (၅)ရပ်ကွက် အမှတ် (၄) ဝိုင်း သဲအင်းဂူမမ္မရောင်ခြည်ကျောင်းတွင် မူလ သဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုအတိုင်း ခန္ဓာကိုယ်တွေ့ဝိပဿနာတရားတော်များကို ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပဏ္ဏာဝံအရှင်သူမြတ်က ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်အထိ ခုနစ်ရက်တရားစခန်း ဟောကြားပြသမည် ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဒီဇင်ဘာ ၁ ရက် ညနေ ၅ နာရီအရောက် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ အကျိုးဆောင်အဖွဲ့က တရားစခန်းဝင်သူများအား အခမဲ့ကျွေးမွေးလှူဒါန်းမည် ဖြစ်သည်။ (က–ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

လူ့အခွင့်အရေး(Human Right)ဆိုင်ရာလမ်းနှစ်သွယ်

အောင်မိုးစံ

ဒီကနေ့ နိုင်ငံတကာနယ်ပယ်တွင် (Human Right)လူ့အခွင့်အရေးဆိုင်ရာ သဘောထားအမြင်နှစ်ရပ် ထင်ရှားစွာ ပေါ်ပေါက်နေပါတယ်။ ဘယ်ဟာမှားတယ်၊ ဘယ်ဟာမှန်တယ်ဆိုတာကို လက်တွေ့ဘဝမှာ မှတ်ကျောက်တင် အဖြေရှာရမယ် ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ "Philosophers Have Only Interpreted the World in Various Way. The Point However is to Change it."

အဘိဓမ္မာဆရာတို့ဟာ ကမ္ဘာကြီးအကြောင်းကို အမျိုးမျိုးသောနည်းတို့ဖြင့် အဓိပ္ပာယ်တွေ ပေးခဲ့ကြလေပြီ။ သို့သော် အချက်အချာဟာ ကမ္ဘာကြီးကို ပြောင်းလဲပစ်လိုက်ဖို့ ဖြစ်တယ်ဆိုတဲ့ လူမှုသိပ္ပံတရားကြောင့် ဖြစ်ပါတယ်။ ဒီသဘောထား အမြစ်နှစ်ရပ်ကို ကြည့်မယ်ဆိုရင် (၁)ပထမသဘောထားအမြင်ဟာ လူ့အခွင့်အရေးဆိုတာ လူ့လွတ်လပ်ခွင့်ဖြစ်တယ်။ လူတွေရဲ့ နိုင်ငံရေးလွတ်လပ်ခွင့်ဖြစ်တယ်။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေညာစာတမ်းပါ လွတ်လပ်မှုဖြစ်တယ်။ ဒါကြောင့် လွတ်လပ်ခွင့်တွေသာ ဖွင့်ပေးလိုက်ရင် တိုးတက်သွားမယ်လို့ ခံယူတယ်။

ဒုတိယသဘောထားအမြင်ကျတော့ လူ့အခွင့်အရေးဟာ လူတွေရဲ့ အခြေခံစားဝတ်နေရေး ကုန်ထုတ် လုပ်ရေးဖြစ်တယ်။ စီးပွားရေး ကုန်လုပ်စွမ်းအားစုတွေ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနဲ့အတူသာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေ တိုးတက်လာနိုင်တယ်။ လူ့အခွင့်အရေးကို လူမှုရုပ်ဘဝ ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူသာ ခံစားနိုင်တယ်။ လွတ်လပ်မှုတွေ ဖွင့်ပေးလိုက်ရုံနဲ့၊ ဥပဒေတွေ ပြဋ္ဌာန်းပေးလိုက်ရုံနဲ့ လူ့အခွင့်အရေးတွေ ပြည့်စုံမလာနိုင်၊ လွတ်လပ်ပြီးငတ်နေတဲ့ လူတစ်ယောက်ကို လူ့အခွင့်အရေးရှိတယ်လို့ မဆိုနိုင်သလို လွတ်လပ်မှုရှိပြီး ငတ်မွတ်ခေါင်းပါးနေတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကိုလည်း လူ့အခွင့်အရေးရှိပြီလို့ ဆိုနိုင်မယ်မဟုတ်လို့ ခံယူတယ်။

ဒီအမြင်နှစ်ရပ်ကို အနှစ်ချုပ်ကြည့်မယ်ဆိုရင် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံတဲ့လမ်းနဲ့ စိတ်ပိုင်းဆိုင်ရာ လွတ်လပ်မှုကို အခြေခံတဲ့လမ်းရယ်လို့ ခွဲခြားနိုင်ပါတယ်။ လူ့အခွင့်အရေးဟာ အမှန်ပင် လိုပါတယ်။ ဒီနှစ်ခုမှာ အကြောင်းရင်းနဲ့ အကျိုးဆက်ဖြစ်ပေါ်မှုတွေကို ခွဲခြားမယ်ဆိုရင် ဒီကနေ့ ကမ္ဘာကြီးဟာ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကို လျှောက်လှမ်းပြောင်းလဲလာတာဖြစ်ပါတယ်။ တစ်ပါတည်းမှာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေလည်း လိုက်ပါတိုးတက်လာတာဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျောက်ခေတ်၊ သံစပေါ်တဲ့ခေတ် လူ့အခွင့်အရေးထက် လက်မှုအတတ်ပညာခေတ် လူ့အခွင့်အရေးက ပိုမိုသာလွန်လာတယ်။ လက်မှုအတတ်ပညာခေတ် လူ့အခွင့်အရေးထက် စက်မှုနည်းပညာခေတ် လူ့အခွင့်အရေးက ပိုမိုသာလွန်လာတယ်ဆိုတာ အထင်အရှားပင်ဖြစ်ပါတယ်။

အမှန်က လူ့အဖွဲ့အစည်းတစ်ရပ်ဟာ အခြေခံအဆောက်အအုံ (INFRASTRUCTURE)ဖြစ်တဲ့ လူတွေရဲ့ စားဝတ်နေရေး စီးပွားရေးကုန်လုပ်စွမ်းအားစုတွေ တိုးတက်ပြောင်းလဲလာမှုနဲ့အတူသာ အပေါ်ထပ် အဆောက်အအုံအဖြစ် (Super Structure)ဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး၊ ယဉ်ကျေးရေးတွေလည်း လိုက်ပါပြောင်းလဲတိုးတက်လာပါတယ်။

ဒီအမြင်နှစ်ရပ်တွင် ပထမသဘောထားအမြင်ကို အမေရိကန်နဲ့ အနောက်အုပ်စုနိုင်ငံတွေက ကျင့်သုံးအကောင်အထည်ဖော်နေပြီး ဒုတိယသဘောထားအမြင်ကို အာရှနိုင်ငံအများစုကြီးက ကျင့်သုံးအကောင်အထည် ဖော်နေတာဖြစ်ပါတယ်။ ဒီကနေ့ အာဖဂန်နစ္စတန်နဲ့ အီရတ်နိုင်ငံအပေါ် အင်အားသုံးကျူးကျော်သိမ်းပိုက်ထားတဲ့ အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေဟာ **အခြေခံစီးပွားရေး ကုန်လုပ်စွမ်းအားစုတွေ တိုးတက်အောင် ဦးစွာမလုပ်ဘဲ ဒီမိုကရေစီမထူထောင်နိုင်ဆိုတာကို ကြုံတွေ့နေရပြီး ဖြစ်ပါတယ်။** ဒါကြောင့်လည်း ဒီနိုင်ငံတွေကို ကျူးကျော်သိမ်းပိုက်ထားမှုဟာ အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေအဖို့ ကျားမြီးဆွဲသလို ကြုံနေရတာဖြစ်ပါတယ်။ သူတို့ဟာ ဘဝကိုမေ့ပြီး ဦးတည်ချက်ပျောက်သွားတဲ့အတွက် ဒီအမှားမျိုးကို ကျူးလွန်တာဖြစ်ပါတယ်။ သူတို့နိုင်ငံတွေကိုယ်တိုင်၊ စီးပွားရေးကုန်လုပ်စွမ်းအားစုတွေ တိုးတက်လာမှုနဲ့အတူသာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေ တိုးတက်လာတယ်ဆိုတာကို မေ့နေကြလို့ ဖြစ်ပါတယ်။

၁၉၂၀ ပြည့်နှစ်ကျမှသာ အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေအမှတ် (၁၉) ပြင်ဆင်ချက်ကို အတည်ပြုထည့်သွင်းပြီး အမျိုးသမီးများ မဲဆန္ဒပေးခွင့်ရှိလာတယ်။ ၁၉၆၀ ပြည့်လွန်နှစ်များကစပြီး အမျိုးသမီးများ မဲဆန္ဒပေးမှုအပေါ် ဆန့်ကျင်မှုများ သိသာစွာလျော့နည်းကျဆင်းလာခဲ့တယ်။ အဲဒီကာလတုန်းက **အမျိုးသမီးတစ်ယောက်ရဲ့ နေရာဟာ အိမ်ဖြစ်တယ်**ဆိုတဲ့ စကားကို အမေရိကန်များစွာတို့ ယုံကြည်လက်ခံ ထားဆဲဖြစ်တယ်။ အမေရိကန်ပြည်ထောင်စုဟာ ၁၉၅ နှစ်ကျော်ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေကို (၂၆)ကြိမ် ပြင်ခဲ့တယ်။

အခွင့်အရေးဥပဒေမူကြမ်း(Bill of the Right)ခေါ် ပထမဆုံးပြင်ဆင်ချက် (၁၀)ချက်ဟာ ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ လွတ်လပ်မှု (လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်နဲ့ လွတ်လပ်စွာ စုရုံးခွင့်၊ တရားမျှတစွာ စီရင်စစ်ဆေးခွင့်၊ လူတစ်ဦးတစ်ယောက်ရဲ့ အိုးအိမ်လုံခြုံမှု)နှင့် ပတ်သက်လို့ အာမခံချက်ပေးထားတဲ့ ဥပဒေပြင်ဆင်ချက်များ ဖြစ်ပါတယ်။ နောင်ဖြည့်စွက်တဲ့ ပြင်ဆင်ချက်များဟာ ကျေးကျွန်စနစ်ကို အဆုံးသတ်စေခဲ့ပြီး လူမျိုးရေးအပေါ် အခြေခံတဲ့ အခွင့်အရေးဆုံးရှုံးမှုများကို ပိတ်ပင်ဟန့်တားခဲ့တယ်။ အမျိုးသမီးများနဲ့ ကိုလံဘီယာဒိစတြိတ် (District of Columbia)တွင် နေထိုင်သူများအားလည်း မဲဆန္ဒပေးပိုင်ခွင့်ရရှိစေခဲ့တယ်။ ဒါ့အပြင် အသက်(၁၈)နှစ်ပြည့် သူတိုင်းလည်း မဲပေးခွင့်ရရှိလာတယ်။

အဲဒီလို မိမိတို့ဘဝဖြစ်စဉ်ကို မေ့နေပြီး ဦးတည်ချက်ပျောက်ကုန်တဲ့ အမေရိကန်နဲ့အနောက်အုပ်စုအပေါင်းပါတွေဟာ မိမိတို့ကိုယ်တိုင် အရင်းရှင်ဒီမိုကရေစီနိုင်ငံအဖြစ် ခံယူရပ်တည်နေပြီး အရင်းရှင်ဒီမိုကရေစီစနစ်သို့ ကူးပြောင်းလာတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ပိတ်ဆို့ချေမှုန်းတယ်။ မြေရှင်စနစ် ဩဇာခံ အဖြစ်ဖန်တီးတယ်။ အချို့နိုင်ငံတွေအပေါ် အင်အားသုံးကျူးကျော်စစ်ဆင်နွှဲတယ်၊ အချို့နိုင်ငံတွေအပေါ် စီးပွားပျက်အောင် နည်းမျိုးစုံပိတ်ဆို့အရေးယူတယ်။ အခုလို ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီထူထောင်ရေး(အရင်းရှင်စနစ်)သို့ ကူးပြောင်းလာတဲ့ ဖွံ့ဖြိုးဆဲ နိုင်ငံတွေအပေါ် အခွင့်အခါကောင်းယူပြီး ဖေးမတွဲခေါ်ကူညီထောက်ပံ့ပြီး ကမ္ဘာ့ဈေးကွက်ကြီး စည်ပင်ဖွံ့ဖြိုးရေးနဲ့ ငြိမ်းချမ်းရေးကိုသာ ကြိုးပမ်းသွားရမယ်ဖြစ်ပါတယ်။

ဘာကြောင့် အဲဒီလို အမေရိကန်နဲ့အနောက်အုပ်စု အပေါင်းအပါတွေဟာ ကိုယ့်မျိုးဆက်ကို ကိုယ်ချေဖျက်နေသလဲဆိုရင် သူတို့နိုင်ငံတွေမှာ အရင်းရှင်စနစ်ဂုဏ်အင်္ဂါတွေလွင့်ပါးကုန်နေပြီး လက်ဝါးကြီးအုပ်ဗိုလ်ကျစိုးမိုးရေး မြေရှင်စနစ် ကြီးစိုးလာလို့ဖြစ်တယ်။ ဒုတိယသဘောထားအမြင်ရှိတဲ့ အာရှနိုင်ငံအများစုတို့က လူ့အခွင့်အရေးဟာ စကြဝဠာကို စိုးမိုးနိုင်တယ်ဆိုတဲ့ အယူအဆကို လက်ခံတယ်။ ဒါကြောင့် စီးပွားရေးကုန်လုပ်စွမ်းအားစုတွေရဲ့ တိုးတက်ဖြစ်ပေါ်ရေးဟာ လူ့အဖွဲ့အစည်းရေ့တန်းတက်လှမ်းရေးရဲ့အဆင့်အတန်းအမြင့်ဆုံးသော မှတ်ကျောက်ဖြစ်တယ်ဆိုတဲ့ လူမှုသိပ္ပံတရားကို ခံယူကျင့်သုံးတာဖြစ်ပါတယ်။

ကမ္ဘာမှာ ဒီကနေ့ တတိယမြောက်လူသားပါတဲ့ အာကာသယာဉ်ကို အောင်မြင်စွာပစ်လွှတ် နိုင်ခဲ့တဲ့ တရုတ်ပြည်ကြီးဟာလည်း ဒီလူမှုသိပ္ပံတရားကို ခံယူပြောင်းလဲ နေတာဖြစ်ပါတယ်။ ၁၄–၆–၉၃ ရက်နေ့ တိုင်းမ်မဂ္ဂဇင်းနဲ့ တွေ့ဆုံဆွေးနွေးရာတွင် စင်ကာပူဝန်ကြီးချုပ်ဟောင်းလီကွန်ယူကလည်း လူ့အခွင့်အရေးပေါ် အာရှရဲ့အမြင်တွေ အခုလို ရှင်းပြခဲ့ဖူးပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဒီမိုကရေစီပြုပြင်ရေးတွေလုပ်ရာမှာ အဓိကပြဿနာတွေ ဘာလဲဆိုတဲ့ မေးခွန်းကို မစ္စတာလီက "ဗြိတိန်၊ အမေရိကန်တို့လို ဒီမိုကရေစီ အရင့်အမာကြီးတွေဆိုတာလည်း လူတိုင်းမဲဆန္ဒပေးခွင့်နဲ့ စခဲ့တာမဟုတ်ပါ။ ပထမအခြေခံပစ္စည်းပိုင်ဆိုင်မှုတွေ၊ နောက်ပိုင်းမှာပညာ အရည်အချင်းတွေနဲ့ မဲပေးခွင့်ရခဲ့ကြတယ်။ တဖြည်းဖြည်းနဲ့နိုင်ငံမှာအသိပညာရော၊ ဥစ္စာဓနပါ ပြည့်စုံလာမှသာ မဲပေးခွင့်ဟာ အောက်ခြေအလုပ်သမားအထိရောက်လာတယ်။ တရုတ်လို တိုင်းပြည်ကြီးမျိုးမှာ နှစ်မျိုးနှစ်စားခွဲခြားကျင့်သုံးသင့်တယ်၊ မြို့တွေလို ပညာတတ်လူဦးရေများတဲ့ နေရာတွေမှာ တိုက်ရိုက်ကိုယ်စားလှယ်ပြု ရွေးချယ်ခွင့်ပေးရမယ်။ ပညာအရည်အချင်းနိမ့်တဲ့ ကျေးလက်မှာတော့ သွယ်ဝိုက်ကိုယ်စားလှယ်ပြုတဲ့စနစ် ကျင့်သုံးရမယ်"လို့ ဖြေခဲ့တယ်။

အာရှတိုင်းပြည်များဟာ အနောက်လစ်ဘရယ်ဒီမိုကရေစီနဲ့ အရှေ့တိုင်းအာဏာရှင်စနစ်တို့အကြား ခုလပ်မှာရှိတယ်လို့မြင်သလား...ဆိုတဲ့ မေးခွန်းကို မစ္စတာလီက "ဒီလိုကွဲလွဲခွင့်ပြုပါ၊ ဂျပန်၊ တရုတ်(တိုင်ပေ)၊ တောင်ကိုရီးယား၊ စင်ကာပူတို့ဟာ အမေရိကန်–ဥရောပပုံစံတူလုပ်နေလို့ မမြင်ပါ။ သူတို့အစဉ်အဆက်ကျင့်သုံးလာတာကို လုံးလုံးစွန့်ပစ်ရိုး လူ့အဖွဲ့အစည်းတွေမှာ မရှိပါ။ လက်ရှိအနေ အထားထက်တော့ ပိုကောင်းအောင် ကြိုးစားကြမှာပါ။ သူတို့လူမှုစီးပွားရေး တိုးတက်မှုကို အထောက်အပံ့ဖြစ်စေရင် အသုံးပြုမှာပဲ၊ အမေရိကန်ပုံစံယူတဲ့ ဖိလစ်ပိုင်မအောင်မြင်ပါ"လို့ ဖြေခဲ့ပါတယ်။ လူ့အခွင့်အရေးအပေါ်ကောလို့ မေးမြန်းတဲ့အခါ မစ္စတာလီက "အာရှမှာ ချမ်းသာကြွယ်ဝချိန်ဖြစ်စေ၊ ဒုက္ခရောက်စေဖြစ်စေ ပုဂ္ဂလိကအခန်းဟာ လူ့အဖွဲ့အစည်းထက် ပိုလွန်တန်ဖိုးမရှိခဲ့ပါ။ **လူ့အဖွဲ့အစည်းဟာ ပုဂ္ဂလိကထက် ပိုတန်ဖိုးရှိခဲ့တာချည်းပဲ၊ ဒီအချက်ဟာ အာရှကို ဒုက္ခဆင်းရဲကြီးမှ ကယ်တင်ခဲ့တယ်လို့ ထင်တယ်"** လို့ ဖြေခဲ့ပါတယ်။ လူ့အခွင့်အရေး ကြေညာချက်မှာပါပေမယ့် လွတ်လပ်စွာပြောဆိုစဝေးခွင့်တွေဟာ မိမိတို့ယဉ်ကျေးမှုမှာ မပါဘူးလို့ အာရှသားအချို့က ပြောနေပါလားဆိုတဲ့ မေးခွန်းကို မစ္စတာလီက "သမိုင်းကို ပြန်ကြည့်ရအောင်၊ ဒီကြေညာချက်ကို ဒုတိယကမ္ဘာစစ်မှာ အောင်နိုင်တဲ့မဟာမိတ်တွေ ဆွဲခဲ့တာဖြစ်တယ်။ ကျန်ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေလည်း အသိသက်သေ သဘောလောက် လက်မှတ်ထိုးခဲ့ကြတာပါ။ ဒါပေမယ့် လူ့အခွင့်အရေးရှိမှ အကူအညီပေးမယ်ဆိုတဲ့မူကို ကျင့်သုံးလာရင်တော့ အခြေအနေတွေဟာ တစ်မျိုးဖြစ်ကုန်လိမ့်မယ်။ ယခုအခါ အဲဒီကြေညာချက်ကို အလေးအနက် သုံးသပ်လာကြပြီ၊ အာရှမှာဆိုရင် ခြားနားတဲ့ ပုံစံတစ်ရပ်ကို စမ်းသပ်ကြည့်ခဲ့ကြပြီ"လို့ ဖြေခဲ့တယ်။

လူ့အခွင့်အရေးပုံစံအမျိုးမျိုးရှိသလား...အာရှပုံစံကို ကုလသမဂ္ဂမှာ တင်မှာလား... ဗီယင်နာကွန်ဖရင့်မှာ တင်မှာလား...လို့မေးတဲ့အခါ မစ္စတာလီက "အာရှပုံစံဟာ ဦးစားပေးမှုမတူတဲ့ ပုံစံတစ်မျိုးပါပဲ။ လူ့အခွင့်အရေးကို မငြင်းပယ်ပါ၊ ဘယ်သူမှ နိုပ်စက်ကလူပြုတာ မှန်တယ်လို့ မပြောပါ။ လူ့အခွင့်အရေးစံတွေဟာ ကမ္ဘာ့ စံတွေဖြစ်လာပါလိမ့်မယ် ကမ္ဘာ့စံဖြစ်အောင် ပြုပြင်ဖို့ အချို့တော့သိတယ်။ ဒါဟာ နောက် ၁၅ နှစ်၊ အနှစ် ၂၀ အတွင်း ပေါ်လာလိမ့်"လို့ ဖြေခဲ့ပါတယ်။

ဒါကြောင့် အခုလို (Human Right)လူ့အခွင့်အရေးဆိုင်ရာ လမ်းနှစ်သွယ်တွင် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများဟာ ဒုတိယလမ်း (အာရှနိုင်ငံ အများစု ရွေးချယ်တဲ့လမ်း)ကိုသာ ရွေးချယ်ကျင့်သုံးရမယ်ဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။ ။

မြစ်ကြီးနား–ဗန်းမော် ကုန်စည်ပြပွဲများ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၈

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုလမ်းညွှန် ကူညီပံ့ပိုးမှုဖြင့် ALPHA GROUP သည်"မြစ်ကြီးနားကုန်စည်ပြပွဲ– ၂၀၀၄" ကို မြစ်ကြီးနားမြို့၊ မိုးလုံလေလုံ အားကစားခန်းမတွင် ၂၀၀၄ ခုနှစ်၊ဇန်နဝါရီလ ၁၇ ရက်နေ့မှ ၁၁ ရက်အထိ၊ "ဗန်းမော်ကုန်စည်ပြပွဲ–၂၀၀၄"ကို ဗန်းမော်မြို့ မြို့တော်ခန်းမတွင် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကုန်စည်ပြပွဲတွင် အလှကုန်ပစ္စည်း အမျိုးမျိုး၊ ကြိမ်နှင့် ယွန်းထည်ပစ္စည်းအမျိုးမျိုး၊ စိုက်ပျိုးမွေးမြူရေးသုံးဆေးနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ ကလေးအာဟာရနို့မှုန့်အမျိုးမျိုး၊ ဘိနပ်အမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးဝါးနှင့် အနောက်တိုင်းဆေးဝါးအမျိုးမျိုး၊ စက်မှုလက်မှု လုပ်ငန်းသုံးစက် ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ သတင်းနှင့် နည်းပညာဆိုင်ရာ ပြခန်းများ၊ သကြားလုံး၊ ခေါက်ဆွဲနှင့် စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပြခန်းများဖွင့်လှစ်ရောင်းချသွားမည် ဖြစ်သည်။

မိမိတို့၏ အရည်အသွေးစံချိန်မီ ထုတ်လုပ်ထားသော အဆင့်မြင့် ထုတ်ကုန်ပစ္စည်းများကို ပြသရောင်းချလိုသော ပြည်တွင်း၊ပြည်ပကုမ္ပဏီများ၊ပုဂ္ဂလိကတိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ အတတ်ပညာရှင်များ အနေဖြင့်Alpha Group ဖုန်း ၀၁–၇၀၁၂၁၅ သို့ ဆက်သွယ်စုံစမ်း၍ ဝင်ရောက်ပြသနိုင်ကြောင်း သိရသည်။ (က–ပ)



မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉–၁၁–၂၀၀၃ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် ရှည်လျားတဲ့ဘဝသံသရာ**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၇။ မြန်မာသံစဉ် ချိုနှားဝင်
၄:၅၀ ၈။ မျိုးချစ်တပ်မတော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်

(က)ပထမနှစ် (ဥပဒေပညာ)
(ခ)ပထမနှစ် (ဒဿနိကဗေဒ)

၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၆:၃၅ ၁၅။ မိုးလေဝသသတင်း
၆:၄၀ ၁၆။ မြန်မာ့ရှုခင်း
၆:၅၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၈။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ဖန်ခြေနင်းနဲ့ယမင်းရွှေစင် (အပိုင်း–၂၂)**
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး အပိုင်း(၆)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

★ **ကမ္ဘောဒီးယားမှ**

ထိုင်သီးအစည်းအဝေး လက်ခံကျင်းပသည့် မြန်မာနိုင်ငံအနေဖြင့်လည်း ယခုလိုအရေးကြီးသည့် နိုင်ငံတကာ အစည်းအဝေးတစ်ရပ်ကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် လက်ခံကျင်းပခြင်း ဖြစ်သောကြောင့်လည်းကောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ၏ အဓိက သမိုင်းဝင်မြို့တော် ဖြစ်သော မြန်မာရှေးဟောင်း ယဉ်ကျေးမှု နယ်မြေဖြစ်သည့် "ပုဂံ" မြို့တွင် အောင်မြင်စွာ ကျင်းပနိုင်ခြင်း ဖြစ်သည့်အတွက် လည်းကောင်း၊ မြန်မာနိုင်ငံအဖို့ ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုတစ်ခုအဖြစ် မှတ်တမ်းတင်ရမှာ ဖြစ်ကြောင်း။

အတွေ့အကြုံကောင်းရရှိ

ထို့အတူ ၂၀၀၆ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ ထိပ်သီးအစည်းအဝေးအတွက် ကြိုတင်အစမ်းလေ့ကျင့်သည့် သဘောဆောင်သဖြင့် အာဆီယံ ထိပ်သီးအစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်ကို အတွေ့အကြုံကောင်းများ ရရှိသည့် အစည်းအဝေးလည်း ဖြစ်ကြောင်း။

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာတွင် ပါရှိသည့် ရှေ့လုပ်ငန်းစဉ်များသည် များပြားပြီး လေးနိုင်ငံစလုံးနှင့် သက်ဆိုင်သည့် လုပ်ငန်းများပါသကဲ့သို့ နှစ်နိုင်ငံချင်းအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများလည်းပါဝင်လျက်ရှိသဖြင့် လေးနိုင်ငံစလုံးက စိတ်ပါလက်ပါဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား သုံးနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ယခုထက် ပိုမိုလျင်မြန်စွာ မြှင့်တင်သွားနိုင်မည်ဖြစ်ကြောင်း။

ဤလေးနိုင်ငံ ထိပ်သီးအစည်းအဝေးကြောင့် သက်ဆိုင်ရာနိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုသာမက အာဆီယံအသင်းကြီး အတွက်လည်း အထောက်အကူဖြစ်စေမှာ ဖြစ်ကြောင်း။

နယ်စပ်ဒေသဦးစားပေး

မဟာဗျူဟာတွင် ပါဝင်သည့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများသည် နယ်စပ်ဒေသများတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးထားခြင်းကြောင့် လေးနိုင်ငံ နယ်စပ်နေ ပြည်သူများအတွက် လက်တွေ့အကျိုးခံစားမှုများ ရရှိမှာဖြစ်ကြောင်း။

နယ်စပ်ဒေသတစ်လျှောက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လေးနိုင်ငံစလုံးက မျှော်မှန်းထားသည့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သာယာဝပြောသော နယ်စပ်ဒေသများ ဖြစ်ပေါ်လာရေး ရည်မှန်းချက်ကို အထောက်အကူပြုမှာ ဖြစ်ကြောင်း။

သက်ဆိုင်ရာ နိုင်ငံများအကြား ပေါ်ပေါက်တတ်သည့်နယ်စပ်ပြဿနာများလည်း လျော့နည်းသွားမှာဖြစ်ပြီး လေးနိုင်ငံပြည်သူများအကြား ယုံကြည်စိတ်ချမှုနှင့် နားလည်မှုများ ပိုမိုဖြစ်ထွန်းလာမှာ ဖြစ်ကြောင်း။

Plan of Action ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ဗဟိုက ဦးစီးဆောင်ရွက်ပေးမည့် ဦးဆောင်ကော်မတီနှင့် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီကိုးခု ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း၊ ကော်မတီများဖွဲ့ရန်ကိစ္စကို နိုင်ငံခြားရေးဝန်ကြီးက ရှင်းလင်းတင်ပြမှာ ဖြစ်ကြောင်း။

ဖိဖိစီးစီးဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာချမှတ်ရေး ထိပ်သီးအစည်းအဝေးက ချမှတ်ခဲ့သည့် သဘောတူညီချက်များ လျင်လျင်မြန်မြန် အကောင်အထည်ပေါ်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးများကိုယ်တိုင် ဖိဖိစီးစီး ဆောင်ရွက်သွားကြရန်နှင့် ဖွဲ့စည်းဆောင်ရွက်သွားမည့် လုပ်ငန်းကော်မတီအသီးသီးတွင် ကော်မတီဝင်များ ထပ်မံဖြည့်တင်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံထိပ်သီးအစည်းအဝေးမှ အတည်ပြုခဲ့သည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ၏ ရှေ့လုပ်ငန်းစဉ် အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ဦးဆောင်ကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီးများ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ လယ်ယာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ စက်မှုပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ လမ်းပန်းဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ အစည်းအဝေး တက်ရောက်လာကြသူများက ဖြည့်စွက်ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က ရှေ့လုပ်ငန်းစဉ်ပါ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်က ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံ ထိပ်သီး အစည်းအဝေးမှ အတည်ပြုခဲ့သည့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာမဟာဗျူဟာ၏ ရှေ့လုပ်ငန်းစဉ် အကောင်အထည်ဖော်ရေးအတွက် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

မိုးမိတ်မြို့ အထက သင်ထောက်ကူပြု စာသင်ခန်းများဖွင့်လှစ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ မိုးမိတ်တပ်နယ်မှူး ဗိုလ်မှူးကြီးအောင်ငြိမ်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ နိုဝင်ဘာ ၂၅ရက် နံနက် ၈နာရီတွင် မိုးမိတ်မြို့ အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပသည့် သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ရှေးဦးစွာ မိုးမိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း သင်ကြားမှု သင်ယူမှု အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်ကို ကျောင်းရှေ့ ကွင်းပြင်၌ကျင်းပရာ ဖွင့်ပွဲကမ္ပည်းကျောက်စာတိုင်ကို အဆိုပါကျောင်းမှ ၂၀၀၂-၂၀၀၃ခု ပညာသင်နှစ်မှ ထူးချွန်ကျောင်းသား၊ ကျောင်းသူများက ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို မိုးမိတ်မြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးဖေတင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးလှလွင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက မိုးမိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဖေတင်က သင်ကြားမှု သင်ယူမှု အထောက်အကူပြုစာသင်ခန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးလှလွင်က သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ပေါ်ပေါက်လာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုဆုငွေချီးမြှင့်ရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ဂုဏ်ထူးရရှိသူများကိုယ်စား မခိုင်အေးချမ်းအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ဆရာ၊ ဆရာမများအတွက် ထောက်ပံ့ငွေများကိုဆရာ၊ဆရာမများကိုယ်စား ကျောင်းအုပ်ဆရာကြီး ဦးဖေတင်အား ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောင်းသား၊ ကျောင်းသူများ သင်ကြားမှု သင်ယူမှု အထောက်အကူပြု ပစ္စည်းများ အသုံးပြု၍ ပညာသင်ကြားနေမှု၊ ကျွမ်းကျင်တတ်မြောက်မှုနှင့် ကျောင်းသား၊ ကျောင်းသူများ၏ လက်မှုလုပ်ငန်း အတတ်ပညာရပ်များ ဆောင်ရွက်နိုင်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မိုးမိတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။
(သတင်းစဉ်)

မိုင်းကာဒေသဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၂၈

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့နယ် မိုင်းကာဒေသ ဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးများရုံး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မိုင်းကာဒေသ ဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေလုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ် အမှာစကားပြောကြားပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေက မိုင်းကာဒေသ အခြေအနေနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ကျန်းမာရေးလုပ်ငန်း ဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ ပညာရေး လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက မိုင်းကာဒေသ ပညာရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း ဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာတိုးအောင်က မြေယာဖော်ထုတ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နိဂုံးချုပ်အမှာစကားပြောကြားသည်။
(သတင်းစဉ်)

❍ **အမေရိကန်ပြည်ထောင်စုမှ**

မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများဖြင့် ဖိအားအမျိုးမျိုးပေးခဲ့စေကာမူ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာနှင့် တရားမဝင်ငွေကြေး ပြဿနာနှစ်ရပ်စလုံးကို ကျော်လွှားပပျောက် ချုပ်ငြိမ်းစေရန်အတွက် ခိုင်မာသော သန္နိဋ္ဌာန်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်ကို အများအသိပင်ဖြစ်ပါသည်။

၂၀၀၂ခုနှစ် ဇွန်လ၌ မြန်မာနိုင်ငံသည် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ဤအရေးပါသည့် လုပ်ဆောင်ချက်ကို အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်တိုင်က အသိအမှတ်ပြုပြီး ဖြစ်ပါသည်။ ဤဥပဒေ ပြဋ္ဌာန်းပြီးနောက် နိုင်ငံတော်အစိုးရအနေဖြင့် လုပ်ဆောင်သင့်သည့် ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ဆွေးနွေးပွဲများကိုလည်း ပြုလုပ်ခဲ့ပါသည်။

ငွေကြေးဆိုင်ရာ လုပ်ငန်းအဖွဲ့ Financial Action Task Force (FATF)က မြန်မာနိုင်ငံ၏ အပြုသဘော လုပ်ဆောင်ချက်များကို မျက်ကွယ်ပြုပြီး ၎င်းတို့လိုရာဆွဲကာ မြန်မာနိုင်ငံအပေါ် ထပ်မံအရေးယူ ဆောင်ရွက်မှုများပြုလုပ်ရန် ယင်း၏ အဖွဲ့ဝင်များအား တောင်းဆိုမှုနှင့် အမေရိကန်ပြည်ထောင်စုအနေနှင့် ဤကိစ္စနှင့်ပတ်သက်၍ ထပ်ဆင့်ဆောင်ရွက်မှုများသည် မည်သူ့ကိုမျှ အကျိုးမပြုသည့် လုပ်ရပ်များဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ယမန်နှစ်က ထုတ်ပြန်ကြေညာခဲ့သည့် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းဥပဒေ ပြဋ္ဌာန်းနိုင်ရန် အဆင့်ဆင့်လုပ်ဆောင်နေမှုကို အမေရိကန်ပြည်ထောင်စုက ကောင်းစွာ သိရှိပြီးဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံနှင့် မြန်မာပုဂ္ဂလိကဘဏ်နှစ်ခုအား အရေးယူမှုများပြုလုပ်ရန် စီစဉ်နေခြင်းသည် တရားမျှတမှု မရှိသည့်အပြင် အခြေအမြစ်မရှိသည့် လုပ်ရပ်သာဖြစ်သည်ဟု ရှုမြင်ပါသည်။ အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနက မည်သို့ပင် ပြောဆိုလုပ်ဆောင်စေကာမူ မြန်မာနိုင်ငံအနေဖြင့် ပြဋ္ဌာန်းပြီးဖြစ်သော တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကို ဆက်လက်အကောင်ထည်ဖော်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဤကိစ္စနှင့်ပတ်သက်၍ စိတ်ကောင်းထားပြီး ကူညီဆောင်ရွက်ပေးလိုသည့် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားရန် အသင့်ရှိပါသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
ရန်ကုန်မြို့။
ရက်စွဲ၊ ၂၀၀၃ခုနှစ်၊ နိုဝင်ဘာလ ၂၈ရက်။



နိုဝင်ဘာ ၂၈ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူပြီးဖြစ်သော မစ္စတာ ယန်း၊ မစရဲလ်၊လာကွမ်ဘ်က ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ် ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ရေတင်စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၈

မန္တလေးတိုင်း ညောင်ဦးမြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နိုဝင်ဘာ ၂၆ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ရေတင်စီမံကိန်းများနှင့် မိုးစပါး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် နံနက် ၉နာရီ ၁၅မိနစ်တွင် ညောင်ဦးမြို့ရှိ လောကနန္ဒာ မြစ်ရေတင်စီမံကိန်းမှ နတ်ကြို့အိုင်ကျေးရွာနှင့် ကန်ပေါက်ကျေးရွာအနီးရှိလက်တံခွဲမြောင်း အမှတ်(၂)၏ ရေပေးသွင်းမှုဖြင့် မိုးစပါးဧက ၁၀၀ ရိတ်သိမ်းပြီးစီးမှုနှင့် နွေစပါး စိုက်ပျိုးရန်အတွက် ရေဆက်လက်ပေးသွင်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လက်တံခွဲမြောင်း အမှတ်(၂)မှ ရရှိသည့် ရေကိုသိုလှောင်၍ ကျေးရွာပြည်သူများ သောက်သုံးရန် တည်ဆောက်ထားသော ကွန်ကရစ်ရေကန်ကို ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ဖွားစောကျေးရွာအုပ်စု ကန်ပေါက်ကျေးရွာရှိ တောင်သူဦးချိန်၏ လယ်မြေ၌ နွေစပါးစိုက်ပျိုးရန် ရွှေသွယ်ရင် စပါးပျိုးထောင်ထားမှုနှင့် မိုးစပါးရိတ်သိမ်းခြွေလှေ့နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရေပေးဝေမှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ရေတင်အဆင့်(၃) မြောင်းမကြီး ရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့်တွေ့ဆုံရာ တောင်သူဦးကြီးများက မြစ်ရေတင်စီမံကိန်း ရေပေးဝေမှုဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ထွန်းရွာအုပ်စု၊ ရွှေထွန်းကျေးရွာရှိ တောင်သူဦးသောင်းကြည်၏လယ်မြေ၌ ယာရှစ်မိုးစပါးစိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

မြစ်ရေတင်စီမံကိန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် နံနက် ၁၀နာရီတွင် လောကနန္ဒာမြစ်ရေတင် စီမံကိန်း ပင်မအဆောက်အအုံသို့ ရောက်ရှိကြပြီး ပင်မရေငြိမ်ကန်နှင့် ပင်မမြောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ရေပေါ်ရေတင်စက်ရုံမှ ပင်မရေငြိမ်ကန်အတွင်းသို့ ဧရာဝတီမြစ်အတွင်းမှ ရေတင်သွင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

နန်းတော်ရာကုန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် နံနက် ၁၀နာရီခွဲတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ နန်းတော်ရာကုန်းသို့ ရောက်ရှိကြရာ ရှေးဟောင်း သုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်နှင့် တာဝန်ရှိသူများက ပုဂံခေတ်အနော်ရထာမင်းကြီး၏ နန်းတော်ရာပုံစံ ပင်မအဆောက်အအုံ ဆောက်လုပ်နေမှုကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် နံနက် ၁၀နာရီ ၄၅မိနစ်တွင် ကျောက်ကူဘုရားအနီးရှိ စတင်တည်ဆောက်နေသော ကျောက်ကူ လျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စီမံကိန်းတာဝန်ခံက ပင်မမြောင်းနှင့် လက်တံမြောင်းများ တူးဖော်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် နံနက် ၁၁နာရီ ၂၅မိနစ်တွင် အောက်ညဉ့်ကျေးရွာရှိ အောက်ညဉ့် (သူကောင်းတည်) မြစ်ရေတင် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ပင်မမြောင်း စတင်တူးဖော်မှု လုပ်ငန်းများ ဆောင်ရွက်နေသည်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် လက်ပံခြေပေါ်ကျေးရွာ၌ လက်ပံခြေပေါ် မြစ်ရေတင်စီမံကိန်း ရေပေးဝေမှုဖြင့် မိုးစပါးရိတ်သိမ်းပြီး ဧက ၁၀၀၀တွင် နွေစပါးဧက ၅၀၀နှင့် ကုလားပဲ သီးနှံဧက ၅၀၀ စိုက်ပျိုးမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မိုးနှောင်းချည်မျှင်ရှည်ဝါ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ငါ့သရောက်မြစ်ရေတင်စီမံကိန်းဖြင့် မိုးစပါးများဖြစ်ထွန်းအောင်မြင်မှုနှင့် ဝါမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်၌ မိုးနှောင်းချည်မျှင်ရှည်ဝါများ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ညောင်ဦးမြို့ လက်ပံခြေပေါ်ဆိပ်ကမ်းမှ ဇက်ရေယာဉ်ဖြင့် ထွက်ခွာ၍ ငါ့သရောက်မြစ်ရေတင် ရေတင်စက်ရုံ၊ လောကနန္ဒာမြစ်ရေတင် ရေတင်စက်ရုံ အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲ ၁နာရီတွင် မကွေးတိုင်း ပခုက္ကူမြို့သို့ ရောက်ရှိကြသည်။

ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နယ်မြေခံတပ်မမှူး ဗိုလ်မှူးကြီးစိန်ဝင်းတို့နှင့်အတူ မွန်းလွဲ ၂နာရီတွင် ပခုက္ကူတပ်နယ် နယ်မြေခံတပ်မဌာနချုပ် ရဲတံခွန်ခန်းမ၌ အရာရှိစစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ တပ်တွင်းမိသားစုများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရေး၊ ဒေသ စိမ်းလန်းစိုပြည်ရေးအတွက် နှစ်ရှည်စားပင်များကို တိုးချဲ့စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ပခုက္ကူတပ်နယ်ရှိ နယ်မြေခံတပ်ရင်းများ၏ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ နန်းတော်ရာကုန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ နှစ်ပတ်လည်လွတ်မြောက်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် နိုဝင်ဘာ ၂၉

၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၉ရက်တွင် ကျရောက်သော အယ်လ်ဘေးနီးယား သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်မြောက်ရေးနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာကိုဘာယ်လ်လိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အထက(၄)စမ်းချောင်း မြတ်ဆရာပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၈

အထက(၄) စမ်းချောင်းတွင် (၁၉၆၇-၁၉၇၃)ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော ဆရာ၊ဆရာမ ဟောင်းကြီးများနှင့် ၁၀နှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ပြီး ၎င်းကျောင်းမှ ပင် သက်ပြည့်အငြိမ်းစားယူသွားကြသော ဆရာ၊ ဆရာမကြီး ၂၉ဦးတို့အား ဒသမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၇ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အမှုဆောင်အဖွဲ့ ဖုန်း- ၅၂၅၈၂၃ နှင့် ၇၀၄၆၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အခမ်းအနားသို့ ကျောင်းသား၊ ကျောင်းသူဟောင်းတိုင်း (မပျက်မကွက်) တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၁-၂၀၀၃ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ စားကြမယ်ဟော့ ကောင်းကောင်း
- ၈:၀၅ ၆။ အရေးပြိုင်ပွဲ
- ၈:၁၀ ၇။ အကပဒေသာ
- ၈:၂၀ ၈။ ပုလင်းရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ အစီအစဉ်အဖွင့်
- ၁၁:၀၅ ၂။ ပြည်တွင်းသတင်း
- ၁၁:၁၅ ၃။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁:၁၅ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ (အချစ်သံသရာ) (အပိုင်း-၁၉)**
- ၁:၅၅ ၅။ **အကြွင်းမဲ့ လုံခြုံရာ၌ (ကျော်သူ၊ သူထူးစံ၊ ရတနာခင်၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-သက်တင်)**
- ၂:၄၅ ၆။ International News.
- ၃:၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English For Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (အထူးပြုအားလုံး) (မြန်မာစာ)
- ၅:၁၅ ၆။ နားဝင်ပီယံ သူ့လက်သံ
- ၅:၂၅ ၇။ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုပြင်ဆင်လေ့ကျင့်မှု (သေနတ်ပစ်)
- ၅:၄၀ ၈။ တေးဂီတအစီအစဉ်
- ၅:၅၅ ၉။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၆:၁၅ ၁၀။ စားကြမယ်ဟော့ ကောင်းကောင်း
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ Discovery.
- ၇:၂၅ ၁၄။ တေးဂီတအစီအစဉ်
- ၇:၄၀ ၁၅။ စာအုပ်ဈေးပွဲတော်နှင့် ဝတ္ထုရှည် မြန်မာနှစ်တစ်ရာပြပွဲ
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **အမေ မပြောလိုတဲ့ အိပ်ရာဝင်ပုံပြင် (အပိုင်း-၂) (ကျော်ရဲအောင်၊ ဇင်ဝိုင်း၊ အောင်ခိုင်၊ ဆုပန်ထွာ၊ မျိုးသန္တာထွန်း၊ မေသဥ္ဇာဦး) (ဒါရိုက်တာ-ရိုးရိုး)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ညောင်ကန်အေးဆရာတော် သာသနာပြုခရီးမှ ပြန်လည်ကြွရောက်

ရန်ကုန် နိုဝင်ဘာ ၂၈

မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကုလန္ဒကသည် မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံ သာသနာပြုခရီးမှ နိုဝင်ဘာ ၂၇ရက် ည ၈နာရီတွင် ပြန်လည်ကြွရောက်လာကြောင်း သတင်းရရှိသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး ခေါင်းဆောင်သည့်အဖွဲ့ဝင်များ ပုဂံ-ညောင်ဦးနှင့် မန္တလေးမြို့တို့ကို လှည့်လည်ကြည့်ရှုလေ့လာ

ရန်ကုန် နိုဝင်ဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General Thammarak Isarangura **ခေါင်းဆောင်သည့်အဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်အေးမြင့်၊ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူးဗိုလ်မှူးကြီးကိုကိုမောင်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး** Col. Kasem Nakpun**နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ နံနက်၈နာရီ မိနစ် ၅၀တွင် မန္တလေးတိုင်း ပုဂံ-ညောင်ဦးလေဆိပ်သို့ ရောက်ရှိကြသည်။**

ကြိုဆို

ဧည့်သည်တော်ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့ဝင်များအား လေယာဉ်လေ့ကားထိပ်မှ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပုဂံ-ညောင်ဦးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရွှေစည်းခုံစေတီတော်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်နှင့် ဂါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး လှည့်လည်ရှင်းလင်းပြသကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရွှေစည်းခုံစေတီတော် အရှေ့ဘက်မုခ် အာရုံခံတန်ဆောင်းရှိ ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်အား ပန်းများဖြင့် ဆက်ကပ်ပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးသည်ရွှေစည်းခုံစေတီတော် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂါပကအဖွဲ့ဝင်များကလက်ခံကြပြီး ရွှေစည်းခုံစေတီတော်ဓာတ်ပုံကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အာနန္ဒာဘုရားသို့ ရောက်ရှိကြရာ ဂါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်က လိုက်လံရှင်းလင်းပြသသည်။

ကြည်ညို

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးသည် အာနန္ဒာဘုရားအား ပန်း၊ ရေချမ်းများဖြင့် ဆက်ကပ်ပူဇော်၍ ဖူးမြော်ကြည်ညိုပြီး ရှေးဟောင်းပုဂံခေတ်လက်ရာရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ရုပ်ပွားဆင်းတုတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးသည် အာနန္ဒာဘုရား ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂါပကအဖွဲ့ဝင်များက လက်ခံကြကာ အာနန္ဒာဘုရားပုံတော် ယွန်းထည်ပန်းချီကားကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်း သုတေသနပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်မှူး ဦးမြင့်စိုးအောင်က ကြိုဆိုပြီး ပြတိုက်အတွင်းလှည့်လည်ရှင်းလင်းပြသသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် အဖွဲ့ဝင်များနှင့်အတူ ပြတိုက်အတွင်းရှိ ပုဂံမြို့ ရှုခင်းပုံ ပန်းချီကားရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးသည် ပြတိုက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ် ရေးထိုးသည်။

ဧည့်ခံ

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့ဝင်များအား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းက ပုဂံဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုနေ့လယ်စာ စားပွဲတွင် ဧည့်သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးနှင့်မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းတို့သည်လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ထို့မှတစ်ဆင့် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံမှ မန္တလေးမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပုဂံ-ညောင်ဦးလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura ခေါင်းဆောင်သည့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီ မိနစ် ၅၀တွင် အထူးလေယာဉ်ဖြင့် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့ဝင်များအား မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေး မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် တပ်မတော်အရာရှိကြီးများက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ မွန်းလွဲ ၂နာရီ မိနစ် ၄၀တွင် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂါပကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်ပုနှင့် ဂါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isaranguraနှင့် အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆက်ကပ်ပူဇော်၍ ဖူးမြော်ကြည်ညိုကြပြီး ရွှေသင်္ကန်းတော်များကို ကပ်လှူပူဇော်ကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura သည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံကာ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး ဖန်သားပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး အရှေ့မြောက်ထောင့်ရှိ တစ်ပင်တိုင်ခေါင်းလောင်းကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့ဝင်များအား မြေနန်းစနုဆောင်၌ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှကြီးမောင်မောင်က မြနန်းစံကျော် ရွှေနန်းတော် သမိုင်းအကျဉ်းကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် သီဟာသနပလ္လင်၊ မြနန်းစံကျော်ရွှေနန်းတော်၏ သမိုင်းဝင်ဓာတ်ပုံများ၊ မြနန်းစံကျော်ရွှေနန်းတော်ရှိ အရှေ့ဇေတဝန်ဆောင်၊တောင်ထားဝယ်ဆောင်၊ ရွှေတိုက်ဆောင်၊ ဇောင်းတော်ဆောင်၊ မှန်နန်းဆောင်စသည့် မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာများဖြင့် တည်ဆောက် မွမ်းမံပြသထားသည့် အဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး မြနန်းစံကျော် ရွှေနန်းတော်၏ မြန်မာ့အနုပညာလက်ရာ အဆောက်အအုံများကို နောက်ခံပြုကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြနန်းစံကျော် ရွှေနန်းတော် ပရဝုဏ်ရှိ ရွှေနန်းတော်ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်၍ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura သည် ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အမှတ်တရ လက်ဆောင်ပစ္စည်းကို ပေးအပ်သည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ညနေ ၅နာရီ ၁၀မိနစ်တွင် မန္တလေးတောင်ပေါ်သို့ ရောက်ရှိကြရာ မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား ဂါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura **ခေါင်းဆောင်သည့်အဖွဲ့အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။**
(သတင်းစဉ်)

ရေသပ္ပာယ်

ရှေးဦးစွာ ဧည့်သည်တော်ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မန္တလေးတောင်တော်ပေါ်ရှိ ဆုတောင်းပြည့် ကကုသန်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်းများဖြင့် ဆက်ကပ်ပူဇော်၍ ဖူးမြော်ကြည်ညိုကြပြီး ကိုးနဝင်း စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရေသပ္ပာယ်ပူဇော်ကြသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည်မန္တလေးတောင်ပေါ်မှမန္တလေးမြို့၏ သာယာလှပသော ညနေရှုခင်းအလှနှင့်မန္တလေးမြို့၏နေဝင်ဆည်းဆာအလှတို့ကို ကြည့်ရှုကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura သည် မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

(၁-၁၂-၂၀၀၃)

World AIDS Day

အိဒ်စ်ရောဂါ ကြုံတွေ့သူ၊ ကြည်ဖြူစာနာ လက်တွဲကူ

Live and Let Live

ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှ အပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၃ခုနှစ်၊ နိုဝင်ဘာလအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၃၀-၁၁-၂၀၀၃)ရက်နေ့

၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလအတွက်

(၁၄-၁၂-၂၀၀၃)ရက်နေ့ နှင့် (၂၈-၁၂-၂၀၀၃)ရက်နေ့

★ စာမျက်နှာ ၁၀ မှ

ဉ့်သည်တော်မှတ်တမ်းတွင်လက်မှတ်ရေးထိုးပြီးမန္တလေးတောင်တော် ဘက်စုံမွမ်းမံပြင်ဆင်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ညပိုင်းတွင် ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဧည့်ရိပ်သာ၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဖျော်ဖြေ

ဂုဏ်ပြုညစာ စားပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အထက်မြန်မာပြည်ယဉ်ကျေးမှုကဇာတ်အဖွဲ့မှ အနုပညာရှင်များက ပျော်ရွှင်မြူးကြွား ပခန်းမြို့စား ယိမ်းအက၊ မကိုင့်ယိမ်းအက၊ ရက်ကန်းယိမ်းအက၊ ဇော်ပြိုင်အက၊ တူနှစ်သွယ် နှစ်ပါးသွားအက စသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအကများ၊ တေးသံသာများဖြင့် သီဆို ကပြဖျော်ဖြေကြသည်။

ဂုဏ်ပြု ညစာ စားပွဲအပြီးတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့်ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကိုအပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးက ဂုဏ်ပြုညစာ စားပွဲတွင် သီဆိုကပြ ဖျော်ဖြေခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းကိုပေးအပ်ပြီးမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

တွေ့ဆုံနှုတ်ဆက်

ဧည့်သည်တော်ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura နှင့် အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် ယနေ့နံနက် ၆နာရီ ၄၅မိနစ်တွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမဆောင်သို့ သွားရောက်၍ တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့်အတူ မန္တလေးမြို့ ဆီဒိုးနားဟိုတယ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၇နာရီ မိနစ် ၅၀တွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် မန္တလေးမြို့မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါ ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်အေးမြင့်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်နှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုဆိုင်ရာ အထောက်အကူပြုသင်တန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၈

PES (Practical English Speaking) U Win Maw (Research) အင်္ဂလိပ်စကားပြောသင်တန်းတွင် တက္ကသိုလ်အဆင့်နှင့် ဘွဲ့ရပြီးသူများအတွက် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုဆိုင်ရာ General English Courses သင်တန်းများဖြစ်သည့်အခြေခံ Grammar နှင့် Speaking (လေးလ)၊ အဆင့်မြင့် English Grammar (လေးလ)၊ အဆင့်မြင့် Spoken English (လေးလ)၊ အဆင့်မြင့် Vocabulary & Reading (လေးလ)၊ အသံထွက် သဒ္ဒဗေဒပညာရပ် Phonetics (တစ်လခွဲ) စသည့် လစဉ်ပုံမှန်သင်တန်းများ ဖွင့်လှစ်လျက်ရှိပါသည်။

အဆင့်မြင့် English Grammar (လေးလ)နှင့် အဆင့်မြင့် Vocabulary & Reading (လေးလ) သင်တန်းတက်သူများအတွက် အဆင့်မြင့် Essay နှင့် Letter ရေးနည်းသင်တန်းများကို အထူးအစီအစဉ်ဖြင့် ဖွင့်လှစ်ပေးမည်၊ အသေးစိတ်သိလိုပါက အမှတ်(၁၈)၊ ရတနာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ယုဇနကုန်တိုက်အနီး၊ ရန်ကုန်မြို့၊ ဖုန်း-၅၀၃၉၈၄ နှင့် ၂၂၂၄၂၈ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(က-ပ)

✳ မြန်မာဘောလုံးအသင်းမှ

အနိုင်ရရှိရန်လိုအပ်သည်။ စင်ကာပူအသင်းကို အနိုင်ရရှိလိုက်ပါက အုပ်စုတက်ရန် အလားအလာ ကောင်းသွားမည်ဖြစ်သည်။ ဒုတိယပွဲစဉ်တွင် ကမ္ဘောဒီးယားအသင်းကို ထပ်မံအနိုင်ရရှိလိုက်ပါက အုပ်စုတက်ရန်သေချာသွားပြီဖြစ်သည်။ ထို့ကြောင့် မြန်မာအသင်းသည် စင်ကာပူကို ပွဲဦးထွက်ပွဲတွင် အနိုင်ရရှိပြီး ဒုတိယပွဲတွင် ကမ္ဘောဒီးယားအသင်းကို ထပ်ဆင့်အနိုင်ရရှိရန်အရေးကြီးသည်။

အောင်မြင်မှုရရှိရေး

ယခု(၂၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသား ဘောလုံးအသင်းအနေဖြင့် အောင်မြင်မှုရရှိရေးကို မြန်မာဘောလုံးဝါသနာအိုးများက မျှော်လင့်တောင့်တနေသည့်အလျောက် မြန်မာယူ-၂၃အသင်းမှ နည်းပြများနှင့် ကစားသမားများကလည်း အောင်မြင်မှုများရယူပြီး ပရိသတ်များ၏ စိတ်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရန် အစွမ်းကုန်ကြိုးစားလျက်ရှိသည်။

တွေ့ဆုံမေးမြန်း

(၂၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်အောင်မြင်မှုရရှိရေး ကြိုးစားကြမည့် မြန်မာယူ-၂၃ အသင်းမှ ကစားသမားများ၏ ပြိုင်ပွဲအကြိုရင်ဖွင့်သံများကို ဘောလုံးပရိသတ်ထုကြီး သိရှိရန် ကြေးမုံကသွားရောက်တွေ့ဆုံမေးမြန်း ဖော်ပြလိုက်ပါသည်။

အုပ်စုထဲမှာ မလေးရှားအကောင်းဆုံး (ဦးတင်မြင့်အောင်)

နည်းပြဦးတင်မြင့်အောင်က "ပြိုင်ပွဲဝင်ရန် အသင့်အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ အုပ်စုမှာတွေ့မည့် သုံးသင်းထဲမှာ မလေးရှားက အကောင်းဆုံးအနေအထားတွင်ရှိကြောင်း၊ ကျန်နှစ်သင်းကိုလည်း လျှော့မတွက်ကြောင်း၊ ပွဲဦးထွက်ပွဲတွင် စင်ကာပူအသင်းကို အနိုင်ရရန်လိုကြောင်း၊ ပွဲတိုင်းအနိုင်ရရန် ကြိုးစားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် ကလေးတွေအနေနှင့် စိတ်ဓာတ်အပြည့်၊ ခွန်အားရှိရှိ ကစားနိုင်ရန်လိုကြောင်း၊ ထိုသို့ ကစားနိုင်အောင်လည်း လေ့ကျင့်ထားပြီးဖြစ်ကြောင်း၊ ကလေးတွေကလည်း စိတ်ဓာတ်အမြင့်ဆုံးရောက်ရှိနေ၍ ပရိသတ်မျှော်လင့်ထားသည့်အတိုင်း ဖြစ်လာမည်ဟု မျှော်လင့်ကြောင်း" ပြောကြားသည်။

ရှိသည့်စွမ်းအားနှင့် အစွမ်းကုန်ကြိုးစားမည် (စိုးမြတ်မင်း)

အသင်းခေါင်းဆောင်စိုးမြတ်မင်းက "မိမိက အလယ်တန်းလစ်ဘရိုနေရာတွင် ကစားရမည်ဖြစ်ကြောင်း၊ ပထမပွဲတွင် စင်ကာပူကို အနိုင်ရရန် လိုအပ်ကြောင်း၊ ကျန်နှစ်ပွဲကိုလည်း အနိုင်ရရှိရန် ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲတွင် တစ်သင်းလုံးယမန်နှစ်ကရရှိခဲ့သော ကြေးတံဆိပ်ထက် မနိမ့်ရဘူးဟူသည့် ရည်မှန်းချက်ထားကာ ရှိသည့်စွမ်းအားနှင့် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ယခု(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် မိမိ၏ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအနေဖြင့် နောက်ဆုံးပြိုင်ပွဲဖြစ်၍ အောင်မြင်မှုရရှိရန် အထူးကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ အားပေးနေသည့် ပရိသတ်ကြီးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း" ပြောကြားသွားသည်။

ပွဲစဉ်တိုင်း ဂိုးမပေးရအောင် ကာကွယ်မည် (အောင်အောင်ဦး)

မြန်မာအသင်းဂိုးပေါက်ကို တာဝန်ယူမည့် အောင်အောင်ဦးက "အောင်မြင်မှုရရှိရေးအတွက် တစ်သင်းလုံး အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားကြောင်း၊ မိမိတို့ယှဉ်ပြိုင်ရမည့် အသင်းများမှာလည်း ပြင်ဆင်လာမည့်အသင်းများဖြစ်၍ ပွဲတိုင်းခက်ခက် ခဲခဲယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ပွဲစဉ်တိုင်း မိမိမြန်မာအသင်း ဂိုးမပေးရအောင် အထူးကြိုးစား ကာကွယ်မည်ဖြစ်ကြောင်း" ပြောကြားသည်။

ဦးတင်မြင့်အောင် (နည်းပြ)

ကစားဖော်များ ဂိုးရအောင် ဖန်တီးပေးမည် (လွင်ဦး)

ကွင်းလယ်ကစားသမား လွင်ဦးက "အုပ်စုတက်ရေး စင်ကာပူအသင်းနှင့် အဓိက ယှဉ်ပြိုင်ရမည်ဟုထင်ကြောင်း၊ ကမ္ဘောဒီးယားနှင့် မလေးရှားတို့ကိုလည်းလျှော့မတွက်ကြောင်း၊ ကစားဖော်များဂိုးသွင်းနိုင်အောင် ဖန်တီးပေးမည်ဖြစ်သလို ကိုယ်တိုင် အခွင့်အရေးရလျှင် ဂိုးသွင်းနိုင်အောင် ကြိုးစားမည်ဖြစ်ကြောင်း၊ အောင်ပွဲများရယူနိုင်အောင် တစ်သင်းလုံးအားကြိုးမာန်တက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း" ပြောကြားသည်။

ပွဲတိုင်းအနိုင်ရရေးကြိုးစားမည် (အောင်ကျော်မိုး)

အလယ်တန်းကစားသမား အောင်ကျော်မိုးက "အုပ်စုတွင် တွေ့မည့် သုံးသင်းစလုံးကို အထင်သေးစရာ မလိုသလို အထင်ကြီးစရာလည်း မလိုကြောင်း၊ ပွဲတိုင်းအနိုင်ရရှိရေး ကြိုးစားသွားမည်ဖြစ်ကြောင်း၊ မြန်မာအသင်းအတွက် အဖိုးတန်ဂိုးများ သွင်းယူနိုင်အောင် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသည်။

အခွင့်အရေးတစ်ကြိမ်၊ တစ်ဂိုးရအောင်ကြိုးစားမည် (ဇော်ထိုက်)

တိုက်စစ်မှူးဇော်ထိုက်က "ဒဏ်ရာအနာတရမရှိသလို နည်းပြဆရာများ၏ သင်ကြားမှုအတိုင်း လေ့ကျင့်ထား၍ ခြေစွမ်းပြကစားနိုင်မည်ဟု ယုံကြည်ကြောင်း၊ တစ်သင်းမှ ပေါ့ဆ၍ မရကြောင်း၊ အခွင့်အရေးတစ်ကြိမ်ရလျှင် တစ်ဂိုးဝင်အောင် ကြိုးစားမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲတွင် မြန်မာဘောလုံးပရိသတ်၏ ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မည်ဟု မျှော်လင့်ကြောင်း" ပြောကြားသွားသည်။

အမှားနည်းနည်းနှင့် အနိုင်ရအောင် (ရန်ပိုင်)

ရှေ့တန်းကစားသမား ရန်ပိုင်က "တစ်သင်းလုံး ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ကြ၍ အကောင်းဆုံးအနေအထားတွင်ရှိပြီဖြစ်ကြောင်း၊ မိမိတို့အသင်းသည် စင်ကာပူပွဲကို အနိုင်ရရန်လိုကြောင်း၊ မိမိတို့အသင်းမှာ တစ်ခါတစ်ရံ ပွဲဦးထွက်ပွဲတွင် အမှားများတတ်ကြောင်း၊ ထို့ကြောင့် အမှားနည်းနည်းနှင့် အနိုင်ရအောင် ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ မိမိကလည်း ဂိုးများသွင်းပြီး မြန်မာအသင်းအနိုင်ရအောင် ကြိုးစားယှဉ်ပြိုင်သွားမှာဖြစ်ကြောင်း" ပြောကြားသည်။

အဖိုးတန်ဂိုးများ သွင်းနိုင်အောင် (လာကျဲအိုလွယ်)

လက်ရွေးစင်အသစ်ကလေး လာကျဲအိုလွယ်က "မိမိက အချိန်ပိုင်းကလေးပင် ဝင်ကစားရပါစေ မြန်မာအသင်းအတွက် အဖိုးတန်ဂိုးများ သွင်းနိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ အုပ်စုတက်ရန် ပွဲဦးထွက်ပွဲ အနိုင်ရရန်လိုကြောင်း၊ ပွဲတိုင်းအနိုင်ရအောင် တစ်သင်းလုံးကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသည်။

မြန်မာအသင်း

ပြိုင်ပွဲဝင် မြန်မာ(ယူ-၂၃)အသင်းတွင် အောင်အောင်ဦး၊ ဟိန်းဇေယျာကျော်၊ ခင်မောင်ထွန်း၊ ဇော်လင်းထွန်း(၂)၊ ငွေအောင်၊ ကျော်ခိုင်ဝင်း၊ စိုးလင်းထွန်း၊ သက်နိုင်စိုး၊ ဇော်လင်းထွန်း(၁)၊ စိုးမြတ်မင်း၊ တင့်နိုင်ထွန်းသိန်း၊ လွင်ဦး၊ အောင်ကျော်မိုး၊ အောင်ကျော်ထွန်း၊ လာကျဲအိုလွယ်၊ ဇော်ဇော်၊ ကျော်သူရ၊ ဇော်ထိုက်နှင့် ရန်ပိုင်တို့ ပါဝင်ကြပြီး နည်းပြများအဖြစ် ဦးတင်ဟန်၊ ဦးတင်မြင့်အောင်နှင့် ဦးစိုင်းမောင်မောင်ဦးတို့ လိုက်ပါသွားကြသည်။

မြန်မာ-စင်ကာပူပွဲ

မြန်မာ (ယူ-၂၃)အသင်းအနေဖြင့် ခြေစမ်းပွဲကာလတွင် နည်းဗျူဟာအပိုင်း၊ လူအခင်းအကျင်းတို့ စမ်းသပ်နေချိန်ဖြစ်၍ အကောင်းဆုံးခြေစွမ်းထုတ်မပြနိုင်ခဲ့သော်လည်း နိုဝင်ဘာ၂၉ရက် (ယနေ့)ယှဉ်ပြိုင်ရမည့် ပွဲဦးထွက်ပွဲတွင် စင်ကာပူအသင်းကိုအနိုင်ယူပြီး အုပ်စုအဆင့်ကို အောင်မြင်စွာဖြတ်ကျော်နိုင်မည်ဟုမြန်မာအားကစားပရိသတ်ထုကြီးက မျှော်လင့်တောင့်တလျက်ရှိပါသည်။ (ကြေးမုံ)

အောင်ကျော်မိုး (အလယ်တန်း)



ဇော်ထိုက် (တိုက်စစ်မှူး)



လာကျဲအိုလွယ် (လက်ရွေးစင်လူသစ်)

လွင်ဦး (ကွင်းလယ်ကစားသမား)

အောင်အောင်ဦး (မြန်မာအသင်းဂိုးပေါက် တာဝန်ယူမည်)

စိုးမြတ်မင်း (အသင်းခေါင်းဆောင် အလယ်တန်းလစ်ဘရို)

ရန်ပိုင် (တိုက်စစ်မှူး)

နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်းမှုဖြင့် ပေါ်ထွက်လာသည့် အရည်အသွေးမီ ပြည်ပသွင်းကုန် အစားထိုးပစ္စည်းများ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံ့စီးပွားဖွံ့ဖြိုး တိုးတက်စေရေး အတွက် လယ်ယာ၊ သားငါး၊ သစ်တော၊ သတ္တု၊ စက်မှု စသည့် ကဏ္ဍအသီးသီးတွင် ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်နေသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံ့စီးပွားရေး ခိုင်မာတောင့်တင်းရန် အဓိကကျသည့် စက်မှုကဏ္ဍ တိုးတက်လာစေရေးအတွက် နိုင်ငံတော်၊ သမဝါယမနှင့် ပုဂ္ဂလိကကဏ္ဍအလိုက် စက်မှုစွမ်းအားစုများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် အားပေးမြှင့်တင်ပေးလျက်ရှိသည်။

ပုဂ္ဂလိက စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီး၊ အတတ်ပညာနှင့် ကုန်ကြမ်းပစ္စည်း စသည်တို့ကို နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းပေးနေသည်။





နိုင်ငံတော်၏ပံ့ပိုးအားပေးဖြည့်ဆည်းမှုနှင့်အတူ ပုဂ္ဂလိက စက်မှုကဏ္ဍတွင် အရည်အသွေးမီ ပြည်ပသွင်းကုန် အစားထိုးပစ္စည်းများ တိုးတက်ထုတ်လုပ်လာနိုင်သည်ကို တွေ့နေရသည်။

ယခုအခါ နိုင်ငံအနှံ့တွင် ပုဂ္ဂလိက စက်မှုဇုန် ၁၈ ဇုန် ပေါ်ထွက်လာနေပြီး အချို့စက်မှုဇုန်များသည် အရှိန်အဟုန်ဖြင့် တိုးတက်နေသည်။

စက်မှုဇုန်လုပ်ငန်းများ အရည်အသွေး တိုးတက်စေရေးအတွက် စက်မှုဇုန်များတွင် လုပ်ငန်းခွင် ရက်တိုသင်တန်းများ ဖွင့်ပေးပြီး စက်မှုလုပ်ငန်းရှင်များ၏ မိရိုးဖလာ အတတ်ပညာနှင့် ပင်ကို အရည်အသွေးများကို ပြောင်းလဲ တိုးတက်နေသည့် ခေတ်နှင့်အညီ ခေတ်မီ အတတ်ပညာများ၊ ခေတ်မီ အယူအဆများနှင့် ပေါင်းစပ်ပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိရာ အရည်အသွေးမီ ပြည်ပသွင်းကုန် အစားထိုး ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်သော အခြေခံကောင်းများ ဖြစ်ထွန်းလျက်ရှိနေသည်။

(ကြေးမုံ)

ရန်ကုန်မြို့ ဒဂုံ(တောင်) စက်မှုဇုန်ရှိ စိုးလျှပ်စစ်နှင့် စက်ကိရိယာ ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သည့် 5 MVA 66/11 KV ထရန်စဖော်မာများတွင် အသုံးပြုရန်အတွက် (66 KV) Disc ကို ကျွမ်းကျင်လုပ်သားကြီးများက ကျိုင်ပတ်နေစဉ်။ (အပေါ်ဆုံးပုံ)နှင့် ဈေးကွက်သို့ တင်ပို့ရန် အဆင်သင့်ဖြစ်နေသည့် စက်ရုံမှ တပ်ဆင်ထုတ်လုပ်ပြီး 10 MVA(33/11 KV) ထရန်စဖော်မာကြီးများ။ (အပေါ်ဝဲပုံ) *ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)*။ ပုသိမ်စက်မှုဇုန်ရှိ ရောမော်တော်ယာဉ် အလုပ်ရုံအတွင်း မော်တော်ကားများ ထုတ်လုပ်လျက်ရှိရာ မော်တော်ယာဉ်ကိုယ်ထည်များ အချောသတ်ဆေးမှုတ်နေစဉ်။ (ဝဲပုံ)နှင့် ပုသိမ်မြို့ စက်မှုရပ်ကွက် (စီးပွားရေးဇုန်)ရှိ ရောစွမ်းအား စပါးခွံလောင်စာဓာတ်ငွေ့သုံး အင်ဂျင်ထုတ်လုပ်ရေးစက်ရုံမှ ထုတ်လုပ်သည့် မြင်းကောင်ရေ ၅၀ ရှိ ဒိုင်နမိုမှတစ်ဆင့် လျှပ်စစ်မဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်ပြီး လေးပေမီးချောင်း ၂၄၀၀ အထိ ထွန်းနိုင်သော စက်အမျိုးအစားကို တွေ့ရစဉ်။ (အောက်ပုံ) *ဓာတ်ပုံ-ငွေအောင်(ကြေးမုံ)*



ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုသည် အိပ်မက်မဟုတ်တော့ပါ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ–
ဇော်မင်းလတ်(သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၂၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာရေးအတွက် ဘက်စုံထောင့်စုံမှ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် လက်တွဲညီညီဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို ချမှတ်ကာ ရှေ့ဆောင်လမ်းပြပြု၍ဆောင်ရွက်ခဲ့သောကြောင့် ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိရာ စီးပွားရေးကဏ္ဍတွင် လယ်ယာလုပ်ငန်းများအတွက် အကျိုးပြုလျက်ရှိသော ဆည်မြောင်းတာတမံများ၊ လမ်းပန်းဆက်သွယ်ရေးအတွက် အကျိုးပြုဖြစ်စေသည့် လမ်း၊ တံတားကြီးများ တည်ဆောက်ပေးလျက်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီဖြစ်သည်။

ယခုတစ်ဖန်ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ဆောင်ပုဒ်ဖြစ်သော "မြစ်ကိုမြင်လျှင် တံတားဆင်မည်၊ ပြည်ခွင်သာဖို့ လမ်းခင်းစို့"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ရခိုင်ပြည်နယ် အမ်းမြို့နယ် ရန်ကုန်–ကျောက်ဖြူလမ်းအပိုင်းပေါ်ရှိ စနဲပေါက်တံတားအား မြန်မာအင်ဂျင်နီယာများ ဆောက်လုပ်ပြီးစီး၍ နိုဝင်ဘာ ၁၇ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပေသည်။ ဤတံတားကြီးကိုလည်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရခိုင်ရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများစုစုပေါင်းအင်အား ၆၀၀၀ ကျော်တို့သည် တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်တက်ကြွကြွ ဂုဏ်ယူဝင့်ကြွားစွာဖြင့် တက်ရောက်အားပေးခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ယနေ့သည် ရခိုင်ပြည်နယ်၏ လူနေမှုဘဝလှပသောနေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍများအားလုံး တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်မြှင့်လုပ်ကိုင် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ပြည်နယ်နှင့်တိုင်း ၁၄ ခုနှင့် ပါဝင်တည်ဆောက်ထားသည့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသတစ်ခုနှင့် တစ်ခုအကြား ဆူကြုံနိမ့်မြင့်ကွာဟချက်များ အမြန်ဆုံးလျော့နည်းကျဆင်းသွားအောင် ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ဖွင့်လှစ်သည့် စနဲပေါက်တံတားသည် ရန်ကုန်–ကျောက်ဖြူပြည်ထောင်စုလမ်းမကြီး၏ တောင်ကုတ်–မအီ–ကျောက်ဖြူလမ်းအပိုင်းတွင် တည်ရှိသည့် တံတားတစ်စင်းဖြစ်ကြောင်း၊ တောင်ကုတ်–မအီ–ကျောက်ဖြူ လမ်းပိုင်းတွင် ပေ ၁၈၀ အထက် တံတားကြီး ၁၄ စင်းတည်ဆောက်ရန်ရှိသည့် အနက် ကိုင်းရှည်တံတား၊ တန်းလွဲတံတား၊ ဆားပြင်တံတား၊ လမူးတံတား၊ မအီတံတား၊ ကျောက်ကြီးပေါက်တံတားတို့ကို တည်ဆောက်ဖွင့်လှစ် ပေးနိုင်ခဲ့ပြီး ယခုဖွင့်လှစ်သည့် စနဲပေါက်တံတားသည်ခုနစ်စင်းမြောက်တံတားဖြစ်ကြောင်း၊ နောက်တံတားကြီးများလည်း တည်ဆောက်လျက်ရှိပြီး ပြီးစီးသွားပါက ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးဝေဆာလာတော့မည် ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းကလည်း စနဲပေါက်တံတားဆောက်လုပ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးကလည်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးနန်းအောင်ထွန်းက ဒေသခံပြည်သူများကိုယ်စား တံတားတည်ဆောက်ပေးမှုနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရ အကြီးအကဲများအား ကျေးဇူးတင်ပါကြောင်းဖြင့် ကျေးဇူးတင်စကား ပြောကြားသွားသည်။

မင်္ဂလာချိန်ဖြစ်သည့် ၉ နာရီ ၁၅ မိနစ်တွင် တိုင်းမှူးဗိုလ်ချုပ်မောင်ဦးနှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က စနဲပေါက်တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ယခုဖွင့်လှစ်သည့် စနဲပေါက်တံတားသည် စနဲပေါက်ချောင်းကို ဖြတ်၍ တည်ဆောက်ထားခြင်းဖြစ်ပြီး တံတား၏အရှည်မှာ ၇၈၉ ပေနှင့် လေးလက်မ ရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၄ ပေနှင့် လူသွားလမ်းအကျယ်တစ်ဖက်လျှင် နှစ်ပေစီ ရှိသည်။ တံတားအမျိုးအစားမှာ အပေါ်ထည် သံမဏိသံပေါင်နှင့် အောက်ထည်မှာ တစ်မီတာအချင်းရှိ သံကူကွန်ကရစ်လွန်တူးပိုင်ဖြစ်သည်။ တံတား၏ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးလျှင် တန် ၆၀ ဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၁၇၀ နှင့် အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်မှ ခြောက်ပေရှိကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်အတွက် နောက်ထပ်တည်ဆောက်ပေးလျက်ရှိသောတံတားများမှာ လုံးတော်ပေါက်တံတား၊ ဒီးဒုတ်ပေါက်တံတား၊ သံသမကြီးတံတား၊ သံသမချေတံတား၊ သဇင်တန်တံတား၊ ဝမ်ဖိုက်တံတားနှင့် မင်းကြောင်းတံတားတို့ကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေးလျက်ရှိနေသည်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီဖြစ်သည်။

ဤတံတားများကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြန်မာအင်ဂျင်နီယာများ၏ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်မှာ ဂုဏ်ယူဝင့်ကြွားစေပါသည်။ တံတားများကို တည်ဆောက်ပေးကြသော အင်ဂျင်နီယာများကို ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်မိပါသည်။

ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် အိပ်မက်မဟုတ်တော့ဘဲ လက်တွေ့မျက်ဝါးထင်ထင် တွေ့မြင်လာရပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။



ရခိုင်ပြည်နယ် အမ်းမြို့နယ် ရန်ကုန်–ကျောက်ဖြူလမ်းအပိုင်းပေါ်ရှိ ခုနစ်စင်းမြောက်တံတားအနက် ၁၇–၁၁–၂၀၀၃ ရက်နေ့က ဖွင့်လှစ်လိုက်သော စနဲပေါက်တံတားကို တွေ့မြင်ရစဉ်။ ဓာတ်ပုံ–ဇော်မင်းလတ်(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် အမ်းမြို့နယ် ရန်ကုန်–ကျောက်ဖြူလမ်းအပိုင်းပေါ်ရှိ စနဲပေါက်တံတား ဖွင့်ပွဲအခမ်းအနားတွင် တံတားမှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ ဓာတ်ပုံ–ဇော်မင်းလတ်(သတင်းစဉ်)

အုံမြို့သစ် (တောင်ပိုင်း) မြို့နယ်

"မိတ္တရိပ် သီတဂူစမ္မူသဘင်" အထူးတရားပွဲ

စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိဆရာတော်
[illegible]
သပိတ်အိုင်တောရသဲကျွန်းဆရာတော်

အရှင် ဒေါက်တာဉာဏိဿရ (D.Litt) သည်

[illegible]

"သီတဂူစမ္မူသဘင်" [illegible]

မိတ္တရိပ်သစ်စက်
သီတဂူစမ္မူသဘင်ကျင်းပရေးအဖွဲ့။

ထိမ်းမြားလက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခေမာလမ်း၊ အမှတ်(၂၉)နေ
ဦးအောင်ကျော်ဦး–ဒေါ်ခင်ကြည်ရွှေတို့၏သား

ဒေါက်တာဉက္ကာအောင် M.B.,B.S (Ygn), Medical Officer National AIDS Control Program နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ခရေပင်လမ်း၊ အမှတ်(၁၁၅–က)နေ
ဒုတိယဗိုလ်မှူးကြီးအောင်သူ(ငြိမ်း)–ဒေါ်အေးအေးသန်းတို့၏သမီး

မစိမ့်အောင်သူ B.A (English)

တို့ကို မိဘတို့ဝတ္တရားရှိသည်နှင့်အညီ တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေး၏ ရှေ့မှောက်၌ ၂၈–၁၁–၂၀၀၃နေ့တွင် ထိမ်းမြားမင်္ဂလာ လက်မှတ်ရေးထိုးပြီးဖြစ်ပါ၍ ၂၈–၁၁–၂၀၀၃နေ့တွင်ကျင်းပသည့် မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီး၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးကိုလေးနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး(ရေ)(ငြိမ်း)နှင့်ဇနီး၊ ဗိုလ်ချုပ်စောလွင်(ငြိမ်း)နှင့်ဇနီး၊ ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
Dr.ဉက္ကာအောင်–မစိမ့်အောင်သူ။

မင်္ဂလာဦးဆုတောင်း

မောင်ဉက္ကာ နှင့် ညီမငယ် **စိမ့်** တို့၏ ၂၈–၁၁–၂၀၀၃ မင်္ဂလာဦးနေ့မြတ်မှ နောင်နှစ်ပေါင်း တစ်ရာတိုင်အောင် သာယာသော ချစ်ခရီးလမ်းကို ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြပါစေ–––။

ကိုသိန်းအောင်–မသိမ့် **(Jewels of Angel)**
ကိုမိုးနိုင်–မငြိမ့် **(Creator Craft)**
ကိုမောင်–မအိမ့် **(Bawgamin)**
ကိုထွန်း–မဝါ **(AT Jewellery)**။

ချစ်သော **သားငယ်** နှင့် **စိမ့်** တို့၏ မင်္ဂလာဦးနေ့မှသည် အသက်ထက်ဆုံးတိုင် အေးအတူပူအမျှ သာယာချမ်းမြေ့သောဘဝကို လျှောက်လှမ်းနိုင်ပါစေ...။

Louis & Mie
Junior Louis.

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ ထုတ်ဝေသော စာအုပ်များ

၁။ မောင်ဆန္ဒ(လယ်ဝေး) ဗုဒ္ဓစာဉယျာဉ် (၁) (ဒုတိယအကြိမ်)	၁၀၀ိ/-
၂။ မောင်ဆန္ဒ(လယ်ဝေး) ဗုဒ္ဓစာဉယျာဉ် (၂)	၁၀၀ိ/-
၃။ တက္ကသိုလ်တင်ခ -မြန်မာစာမြန်မာမှုကိုပြုစုမျိုးထောင် ခေါင်းဆောင်ခဲ့သူများ	၆၀ိ/-
၄။ ဆင်ဖြူကျွန်းအောင်သိန်း-အမေဝတ္ထုများ	၄၅ိ/-
၅။ ကို(တက္ကသိုလ်)-ရွာပြန်တော့လည်းမပွင့်သာ	၇၀ိ/-
၆။ မြင်းမူမောင်နိုင်မိုး-ခယောင်းလမ်းနှင့်ပန်းသပြေ	၆၀ိ/-
၇။ မြင်းမူမောင်နိုင်မိုး-နှင်းဆီရိပ်မှစံပယ်ပုံပြင်	၄၀ိ/-
၈။ မြင်းမူမောင်နိုင်မိုး-နွေမိုးဖျန်းပက်ပန်းတစ်ခက်	၅၀ိ/-
၉။ ဇော်မင်းမင်းဦး-ပထမဆုကဗျာများ	၄၀ိ/-
၁၀။ စလင်းဘုန်းကျော်-မေတ္တာရိပ်နန်းပန်းရောင်စုံ	၅၀ိ/-
၁၁။ နီမင်းဆွေ-နွေနှစ်ဆယ်အလွမ်း(အင်္ဂလိပ်+မြန်မာ)	၅၀ိ/-
၁၂။ နီမင်းဆွေ-ငွေနှင်းမှုန်မှုန်ထဲကပန်းဂျုံ(အင်္ဂလိပ်+မြန်မာ)	၅၀ိ/-
၁၃။ မောင်ဘုံ(မဟာဝိဇ္ဇာ-ဘုံဘော) မြန်မာ့ယဉ်ကျေးမှု	၃၀ိ/-
၁၄။ မောင်ဆန္ဒ(လယ်ဝေး) ပန်သစ္စာဆိုစကား	၄၀ိ/-
၁၅။ နေမျိုးသန့်-သရဖီကြိုင်လှိုင်သင်းပါတဲ့ ဝင်းမြရည်မြေ	၂၅ိ/-

အထက်ပါစာအုပ်များကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(ဖုန်း-၃၇၄၅၃၂) နှင့် ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်းစာအုပ်ဈေးပွဲတော်တွင် ဝယ်ယူရရှိနိုင်ပါသည်။

မော်လမြိုင်တက္ကသိုလ် အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၈

မော်လမြိုင်တက္ကသိုလ် နှစ် ၅၀ပြည့် ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၈ရက်တွင် မော်လမြိုင်တက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့မှ ဒီဇင်ဘာ ၁၆ရက်တွင် ထွက်ခွာပြီး ဒီဇင်ဘာ ၂၀ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ ခရီးစဉ်တွင် ကျောင်းသား၊ ကျောင်းသူဟောင်းများသာမကမိသားစုများပါ လိုက်ပါနိုင်ပြီး ဦးစိုးအောင် အမှတ် ၈၆–၈၈၊ အခန်း ၄၊ ဗဟိုလမ်း၊ စမ်းချောင်း၊ ဖုန်း–၀၁–၅၁၂၃၃၇သို့ ဒီဇင်ဘာ ၇ရက် နောက်ဆုံးထား စာရင်းပေးပို့ရမည်ဖြစ်သည်။ (က–ပ)

ဟသ်ာတမြို့ အထက(၁) ရွှေရတုသဘင်ပွဲနှင့် (၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ဟသ်ာတမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်ပွဲကို ၁၃၆၅ခု နတ်တော်လဆန်း ၁၄ရက်၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၇ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

ယခုနှစ်တွင် ကျောင်းရွှေရတုသဘင်ပွဲနှင့်အတူ အစိုးရအထက်တန်းကျောင်း အထက(၁)၏(၂၈)ကြိမ်မြောက်အာစရိယပူဇော်ကန်တော့ပွဲကို တစ်ပါတည်းကျင်းပမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ဟသ်ာတမြို့အစိုးရအထက်တန်းကျောင်း အထက(၁)တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ပညာရေးဌာနမှအငြိမ်းစားယူကာ အသက်(၆၀)နှစ်ပြည့်ပြီးသော ကန်တော့ခံအငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ယင်းအခမ်းအနားသို့ ကြွရောက်ပါရန် ပင့်ဖိတ်အပ်ပါသည်။ ပင့်ဖိတ်လွှာများကိုလည်း ပေးပို့ဖိတ်ကြားမည်ဖြစ်ရာ အကယ်၍ ပင့်ဖိတ်လွှာများ အချိန်မီမရရှိပါက အောက်ဖော်ပြပါလိပ်စာများသို့ အကြောင်းကြားပါက ရိုသေလေးမြတ်စွာ လာရောက်ပင့်ဖိတ်မည်ဖြစ်ပါသည်။

ထို့ပြင် အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလည်း ယင်းအခမ်းအနားသို့ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ပူဇော်ကန်တော့ငွေများကို အောက် ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်ပါသည်။

ဟသ်ာတ
(၁) ကျောင်းအုပ်ဆရာကြီး အထက(၁)၊ လမ်းမတော်လမ်း၊ ဟသ်ာတမြို့။ ဖုန်း–၀၄၄–၂၁၀၄၈။
(၂) ဦးသိန်းဖေ ဂျုန်သက်န်းတိုက်၊ ဦးဝိစာရလမ်း၊ ဟသ်ာတမြို့။ ဖုန်း–၀၄၄–၂၁၂၉၃။
(၃) ဦးလှအောင် အမှတ်(၁၂၉)၊ ရွှေစေတီလမ်း၊ဟသ်ာတမြို့။ ဖုန်း–၀၄၄–၂၁၃၈၉
(၄) ဦးမောင်မောင် ရွှေသဇင်ရွှေဆိုင်၊အား/ကာတန်း၊ လမ်းမတော်လမ်း၊ ဟသ်ာတမြို့။ ဖုန်း–၀၄၄–၂၁၅၃၂။

ရန်ကုန်
(၁) ဦးငွေအောင် ဆာကူရာဆေးရုံ၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၅၅၈၄၈၈၊ ၀၁–၂၄၉၁၂၂။
(၂) ဦးခိုင်ထွန်းအောင် စိုက်ပျိုးရေးရုံးချုပ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၆၅၁၀၅၃။
(၃) ဒေါက်တာအောင်ဝင်းမောင် ရွှေရောနှင့် ဂရဲင်းမာစတာကုမ္ပဏီ၊ ၉၃–သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၂၉၆၄၁၄၊ ၂၀၂၅၃၉။

ဖြစ်မြောက်ရေးကော်မတီ
အထက(၁)၊ ဟသ်ာတမြို့။

'အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်'

Must, All Adults, Be Able to Drive

နယူးအာရှ (NEW ASIA) အဝါတ်စဉ် (၉၀)

အခြေခံယာဉ်မောင်းနှင့်စက်ပြုပြင်ထိန်းသိမ်းသင်တန်းကျောင်း

၂၀၀၃–ခု၊ ဒီဇင်ဘာ (၃) ရက်နေ့ဖွင့်မည်။ နယ်ဝေးသော်လည်းရသည်

* အခြေခံယာဉ်မောင်းစက်ပြင်၊ ၁၀၀–ပုံမှန်သင်တန်း (Normal Course) နှင့် (၁၀)ရက်အမြန်သင်တန်း (Short Course)
* အဲယားကွန်းနှင့်ရေခဲသေတ္တာပြုပြင်ထိန်းသိမ်းသင်တန်း။(၁–လအပြတ်)
* စက်ပြင်အထူး (သီးသန့်) သင်တန်း။ (၂–လအပြတ်)
* လျှပ်စစ်နှင့်ခါတ်ငွေ့ ဂဟေဆက်သင်တန်း။ (၁–လအပြတ်)

ဆက်သွယ်ရန် – အမှတ် ၉၅၃၊ ရွှေနှင်းဆီလမ်း၊ ၈ ရိုင်ခွဲ၊ (မဟာစည်မှတ်တိုင်)၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း – ၆၆၆၁၈၀၇

အဆင့်မြင့်ကွန်ပျူတာသင်တန်းများဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၈

ကွန်ပျူတာနှင့် အသက်မွေးလိုသူများအတွက် Myanmar Cyber World မှ Oracle for Professionals (OFP) Course ကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

MCW၏ OFP Course တွင် Logical နှင့် Physicals Structure, Process Architecture, Memory Architecture အကြောင်းများ၊ Tablespace, User, Host String, Table, View, Sequence, Trigger, Procedure, Function, Package တည်ဆောက်ပုံများ၊ User Management, Oracle SQL Loader, Backup, Data Warehouse, SQL, PL/SQL အစရှိသည်တို့ကို Oracle Certified DBA များက သင်ကြားပေးမည်ဖြစ်သည်။ လာရောက်လေ့လာလိုသူများ အမှတ် ၁၇၊ ၈၈လမ်း၊ ကန်တော်လေး၊ ရန်ကုန် ဖုန်း–၂၄၃၈၇၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

e-Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့် အစီအစဉ်

မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ

၁–၁၂–၂၀၀၃ (တနင်္လာနေ့)
- Competitive Advantage Vs Comparative Advantage
- Impact of Globalization on Developing Countries
- Health and Economic Development

၂–၁၂–၂၀၀၃ (အင်္ဂါနေ့)
- The State Budget
- Human Resource Management
- Economics of The Public Sector

၃–၁၂–၂၀၀၃ (ဗုဒ္ဓဟူးနေ့)
- The Role of Statistics in Public Administration.
- Information Technology in Public Administration.
- The Nature and Scope of Public Administration.

၄–၁၂–၂၀၀၃ (ကြာသပတေးနေ့)
- မြန်မာစာ၊ မြန်မာစကား
- Pyu Civilization.

၅–၁၂–၂၀၀၃ (သောကြာနေ့)
- Geographic Discipline Envionmental Studies
- The Scope of Philosophy

နံနက် ၉နာရီမှ ညနေ ၄နာရီထိ

၆–၁၂–၂၀၀၃ (စနေနေ့)
- အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများ

၇–၁၂–၂၀၀၃ (တနင်္ဂနွေနေ့)
- အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများ

မှတ်ချက် – အခြေအနေအရ သင်ခန်းစာထုတ်လွှင့်မှု အပြောင်းအလဲ ရှိနိုင်ပါသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ အလှူရှင်များက အလှူငွေ၊ မော်တော်ယာဉ်နှင့် ခုတင်များလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင် အလှူရှင်များက အလှူငွေ၊ မော်တော်ယာဉ်နှင့် ခုတင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဒေါက်တာကြည်စိုးနှင့် ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင် ရွှေသံလွင် ထရေးဒင်းကုမ္ပဏီလီမိတက်မှ ဦးသိန်းဝင်း၊ ဇနီး ဒေါ်နီနီမိသားစုက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း လုပ်ငန်းများတွင် အသုံးပြုရန် မော်တော်ယာဉ် လေးစီးနှင့် လူနာခုတင်အလုံး ၅၀၊ တမ္ပဒီပဆောက်လုပ်ရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် သီရိသုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်စိန်စိန် မိသားစုက ငွေကျပ် ၁၀သိန်း၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ မိခင်ကြီးဒေါ်ခင်နွဲ့ရီ အမှူးပြုလျက် သားဒေါက်တာ တင့်စိုးလင်း၊ သမီး ပွင့်မာခိုင် ညီအစ်ကို မောင်နှမ ရွှေပုစွန်မိသားစုက ငွေကျပ် သိန်း ၃၀ တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ အလှူရှင် ရွှေသံလွင်ထရေးဒင်းကုမ္ပဏီလီမိတက်မှ ဦးသိန်းဝင်း၊ ဇနီး ဒေါ်နီနီမိသားစုက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း လုပ်ငန်းများတွင် အသုံးပြုရန် မော်တော်ယာဉ် လေးစီးနှင့် လူနာတင်ခုတင်အလုံး၅၀ ပေးအပ် လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ လက်ခံစဉ်။ (သတင်းစဉ်)

မကွေးကျောင်းတိုက် ၁၀ ရက်တရားစခန်း

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်တိုင်း သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ် (၇)လမ်းထိပ်ရှိ မကွေးကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁၈၄)တွင် (၆၂)ကြိမ်မြောက် ၁၀ ရက် တရားစခန်းကို ဆရာတော် ဘဒ္ဒန္တ ပညာဝံသ ဦးစီး၍ နတ်တော် လဆန်း ၁၀ ရက် (ဒီဇင်ဘာ ၃ ရက်)မှ နတ်တော်လပြည့်ကျော် ၄ ရက် (ဒီဇင်ဘာ ၁၂ ရက်)ထိ ကျင်းပမည်ဟု သိရသည်။

(က-ပ)

ဂျာနယ်တွင် ညမြင်ကွင်း မနက်မြင်ရမည့်ပွဲစဉ်များ၊ ခြသေ့်ပြာနှင့် မိစ္ဆာနီ ထိပ်တိုက်တွေ့ကြပြီ၊ ပရီမီးယားရှစ်မှ ကိုယ့်ရောင်းဈေး ကိုယ်မြှင့်နေကြသူများ၊ ဂျူဗီနဲ့ အင်တာ ရင်ဆိုင်ကြတဲ့အခါ၊ ယူရိုတစ်လွှားပြဿနာများနေတဲ့ အက်ဖ်အေ၊ ယူရို ၂၀၀၄ အတွက် ပေါ်တူဂီကို အရောက်လှမ်းလာကြသူများ စသည့် သတင်းဆောင်းပါးများ ပါရှိသည်။ (က-ပ)

ဒီဇင်ဘာလထုတ် မြဝတီမဂ္ဂဇင်းဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၈

၂၀၀၃ ခုနှစ် ဒီဇင်ဘာလထုတ် မြဝတီမဂ္ဂဇင်းတွင် တက်လူ၊ အောင်ထွန်းလင်း(ချောက်)၊ မင်းမောင်နွယ် (မွန်ဌာနီ)၊ မောင်သဲခေါင်၊ အောင်သာဆန်း(သံတွဲ)၊ မြတ်လွမ်းနောင် (ပုတီးကုန်း)၊ မောင်ကာဠု (ပုသိမ်ကြီး) တို့၏ ကဗျာများ၊ မြေဇာ၊ ဏီမှူး၊ မောင်မောင်ညွှက်၊ ဘိုကေ (နတ်မောက်)တို့၏ ဟာသတစ်မျက်နှာ ကာတွန်းများ၊ မြတ်ဘုရားဒေသနာတော်ကဏ္ဍတွင် သာသနဓဇ သိရိပဝရ ဓမ္မာစရိယ တစ်ဘဝသာသနာ ကျမ်းပြုဆရာတော် ဦးဃောသိတ၏ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒ ဒိဋ္ဌိတရားတော်၊ ဆောင်းပါးကဏ္ဍတွင် ရဲထွန်း(စစ်ပညာ)၊ မောင်သိဒ္ဓိ၊ စိုးဝင်း(မြစ်ခြေ)၊ ဗညားဝင်း (ဘုရင့်နောင်)၊ ခင်ဇ(စက်မှု)၊ အုံးဖေ(ပခုက္ကူ)၊ စောမြတ်မင်း၊ ညီညီ(စီးပွားရေး)၊ နန္ဒာဦးကျော်တို့၏ သုတ၊ ရသဆောင်းပါးများ၊ ဟာသကဏ္ဍတွင် ဟာသဂျပိုး၏ နိုင်ငံရပ်ခြားမှ ဘာသာပြန် ဟာသများ၊ ဤလည်းတစ်ဒုက္ခဟာသများ၊ ကျော်ဇေယျာ၊ ဒေါင်းရှည်၊ ခင်ကြူကြူတင်၊ စိုး၊ စိုးအောင်နှင့် မောင်မောင်မိုးအောင်တို့၏ ဝတ္ထုတိုများနှင့် စိုးမြိုင်၏ “သို့သော် ဦးမညွတ်”အခန်းဆက်ဘာသာပြန် ဝတ္ထုရှည်တို့ဖြင့် ဝေဝေဆာဆာ ဖော်ပြထားပြီး ဖြန့်ချိပြီဖြစ်သည်။ (သတင်းစဉ်)

လေအေးပေးစက်၊ ရေခဲသေတ္တာ ပြုပြင်မှု သင်တန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၈

လေအေးပေးစက်နှင့် ရေခဲသေတ္တာ ပြုပြင်၊ ထိန်းသိမ်း၊ တပ်ဆင်ခြင်း သင်တန်းကို Today Engineering Sevvice မှ ဝါရင့်ကျွမ်းကျင် ပညာရှင်များကိုယ်တိုင် Handtoolsစုံလင်စွာဖြင့် စနစ်တကျသင်ကြားပေးလျက်ရှိရာ ၎င်းသင်တန်းကို လစဉ်လဆန်းတိုင်း ဖွင့်လှစ်မည်ဖြစ်သည်။

ထို့အပြင် Air-con Refrigerator, Freezer, Cold-Storage Chiller, Keeplarts & Washiue Machineများအတွက် စိတ်တိုင်းကျ ပြုပြင်မှုကိုလည်း ဝန်ဆောင်ပေးလျက်ရှိရာ အမှတ်(၅၈) မြေညီထပ် (၇)လမ်း လမ်းမတော်မြို့နယ် ဖုန်း- ၂၂၀၁၅၂နှင့် ၂၅၆၄၂၂သို့ ဆက်သွယ်ဆောင်ရွက် နိုင်ကြောင်းသိရသည်။

(က-ပ)

စတားစပို့စ်ဂျာနယ် ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၈

တာဝန်ခံအယ်ဒီတာ ဟိန်းသန့်စီစဉ်သည့် အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ဝေသော စတားစပို့စ် ဂျာနယ်ကို ဖြန့်ချိလိုက်သည်။

မေ့မရတဲ့ နေ့များ

“မေ့မရတဲ့နေ့များ” ဇာတ်ကားမှ ဒွေးနှင့် ထက်ထက်မိုးဦး။

“မေ့မရတဲ့နေ့များ” ဇာတ်ကားသစ် ယခုအပတ်ရုံတင် အကယ်ဒမီဆုရ အိန္ဒိယဇာတ်ကား မြို့မရုံတွင် ပြသ

ရန်ကုန် နိုဝင်ဘာ ၂၈

ယခု သောကြာပတ်တွင် ရဲကျော်သူ ရုပ်ရှင်အတွက် ဝတ္ထုဇာတ်ညွှန်း မောင်မြတ်ဆွေ ဒါရိုက်တာ မလိခ စိုးထိုက်အောင်၏ **မေ့မရတဲ့နေ့များ** ဇာတ်ကားသစ် ရုံတင်ပြသသည်။

သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် ပြသနေသည်။ သရုပ်ဆောင်များအဖြစ် ဒွေး၊ ခန့်စည်သူ၊ ထက်ထက်မိုးဦး၊ မြတ်ကေသီအောင်၊ ဆုပန်ထွာတို့ ပါဝင်သရုပ်ဆောင်ကြသည်။

ချစ်သူနှစ်ဦးအကြား ဘဝ၏နက်ရှိုင်းမှု၊ ခါးသီးမှု၊ ချိုမြိန်မှုများကို မမေ့နိုင်စရာ ဆွတ်ပျံ့ဖွယ်ဇာတ်လမ်းအဖြစ် ရိုက်ကူးတင်ပြထားသည်။

အဖေ

ဆက်လက်၍ ပြည့်ဖြိုးမြတ် ရုပ်ရှင်မှ ဒါရိုက်တာမိုက်တီး ရိုက်ကူး၍ ကျော်ဟိန်း၊ လွင်မိုး၊ ခိုင်သင်းကြည်တို့ ပါဝင်သော မိဘမေတ္တာကို ခြယ်မှုန်းတင်ပြထားသည့် **အဖေ** ဇာတ်ကား နေပြည်တော်၊ ရွှေဆောင်နှင့် နဝဒေးရုံများတွင် အောင်ပွဲခံ တင်ဆက်ဆဲရှိသည်။

ရွှေဂုန်ရုံ

ရွှေဂုန်ရုံတွင် ကမ္ဘာ့မော်ဒယ် သရဖူစင်ဒီကရောဖို့သရုပ်ဆောင် ပါဝင်သော Fair Game ဇာတ်ကား တင်ဆက်ပြသသည်။

အက်ရှင်ဇာတ်ကြမ်း

ရာဇဝတ်မှုဂိုဏ်းတစ်ခုနှင့် ကေဂျီဘီအဖွဲ့တို့ ရင်ဆိုင်ယှဉ်ပြိုင်ကြပုံများကို ရိုက်ကူးထားသော အက်ရှင်ဇာတ်ကြမ်းကားဖြစ်သည်။

မြို့မရုံတွင် အကယ်ဒမီဆုရ BAAZ အမည်ရှိ အိန္ဒိယဇာတ်ကားသစ် ရုံတင်ပြသသည်။ ဆူနီရှက်သီ၊ ဂျက်ကီရှရော့၊ ဒိနိုမိုရီရာ တို့ပါဝင်ပြီး အချစ်နှင့် သည်းထိတ်ရင်ဖို ဇာတ်ကားအဖြစ် ကြည့်ရှုကြရမည်ဟု ဆိုသည်။

BAAZ အမည်ရှိ အိန္ဒိယဇာတ်ကားသစ်မှ ပြကွက်တစ်ခု။

“အဖေ”ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

လေးပွင့်ဆိုင်ဇာတ်လမ်း

ဆုထူးပန်ရုံတွင် ယခင်အပတ်က ပြသခဲ့သော Pyaar Ishq Mohabbat အမည်ရှိ အိန္ဒိယချစ်မေတ္တာဘွဲ့ ဇာတ်ကား ဆက်လက်ပြသသည်။ လေးပွင့်ဆိုင် အချစ်ဇာတ်လမ်းဖြစ်၍ ဇာတ်လမ်း၏အဆုံးကို စိတ်ဝင်စားဖွယ် တင်ပြရိုက်ကူးထားသည်။

အချစ်ဇာတ်ကား

ယခုသောကြာပတ်တွင် ရတနာပုံရုံ၌ Deewane အမည်ရှိ အိန္ဒိယ အချစ်ဇာတ်ကား ရုံတင်ပြသနေသည်။ တေးဂီတ၊ သီချင်းသစ်များ၊ သည်းထိတ်ရင်ဖို စွန့်စားခန်းများနှင့် ရေအောက်ရိုက်ချက်များကို အထူးပြုရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ **(ကြေးမုံ)**

“မြင်းမိုရ်ထက်က မြားတစ်စင်း” ဇာတ်ကား မြို့ပတ်ရုံများတွင် ပြသ

ရန်ကုန် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးရန်ပုံငွေအတွက် ပြသနေသော **မြင်းမိုရ်ထက်က မြားတစ်စင်း** အဆင့်မြင့် ဗီဒီယို ဇာတ်ကားမှာ ရွှေဗဟို၊ မဟာမြိုင်နှင့် ပဒေသာရုံများတွင် ဆက်လက်ပြသဆဲရှိသည်။

ထိုဇာတ်ကားတွင် နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်တို့ သရုပ်ဆောင် ပါဝင်ထားကြသည်။ (ကြေးမုံ)

ပခုက္ကူ–ပေါက်–မင်းတပ်လမ်း ပြုပြင်ဖောက်လုပ်

ဂန့်ဂေါ နိုဝင်ဘာ ၁၅

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့ (၁၁)မှ ပခုက္ကူ–ပေါက်၊ ကျောက်ထု၊ ကံကြီး–မင်းတပ်လမ်းကို ပြုပြင်ဖောက်လုပ်လျက်ရှိသည်။

အဆိုပါ လမ်းပြုပြင်ဖောက်လုပ်ရာသို့ ဂန့်ဂေါခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦး၊ မင်းတပ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်ဦးနှင့် ပခုက္ကူခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွန်းတို့သည် နိုဝင်ဘာ ၂ရက်က သွားရောက်ကွင်းဆင်းကြည့်ရှု၍ လမ်းအမြန်ပြီးစီးရေး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကြသည်။

—— တံတားတည်ဆောက်မှုကြည့်ရှု ——

ဆက်လက်၍ ဂန့်ဂေါခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးသည် ဆောမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးနောင်နှင့်အတူ ဆောမြို့နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးအဖွဲ့ အထူးအဖွဲ့ အမှတ် (၁၃)မှ ဆောက်လုပ်လျက်ရှိသော ငဖဲ–စေတုတ္တရာ–ထီးလင်း–ဂန့်ဂေါလမ်းရှိ ကြီးချောင်းတံတားနှင့် ပေါက်–တပြင်း–ကျောက်ထုလမ်းရှိ တပြင်းချောင်းတံတား တည်ဆောက်မှုလုပ်ငန်းများကို သွားရောက်ကွင်းဆင်းကြည့်ရှု၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။ (၄၆၅)

လက်တွေ့မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်

ကျိုက်လတ် နိုဝင်ဘာ ၂၀

ကျိုက်လတ်မြို့ အမှတ်(၁၃) ဖွဲ့နှဆီစက်တွင် လက်တွေ့ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို နိုဝင်ဘာ ၁၅ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှူး ဦးမိုသင်း၊ စက်ရုံမှူး ဦးလှဝေနှင့် စက်ရုံသီးသန့် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးသတ်ဆေးဘူး အသုံးပြုခြင်းတို့ကို သရုပ်ပြခဲ့ကြသည်။ **(အောက်ပုံ)** **(မြို့နယ်ပြန်/ဆက်)**

မိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ဥယျာဉ်ကျောင်းလမ်း ကျောက်ချောခင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးခိုင်ထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်မြင့်တို့က နိုဝင်ဘာ ၆ ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ကျေးလက် တန်ဖိုးနည်းအိမ်ရာ ဖွင့်ပွဲ မိတ္ထီလာမြို့နယ် ရေချိုကျေးရွာတွင် ကျင်းပ

မိတ္ထီလာ နိုဝင်ဘာ ၂၀

မိတ္ထီလာမြို့နယ် ကျေးလက်တန်ဖိုးနည်းအိမ်ရာများ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက်က ရေချိုကျေးရွာ ကျေးလက် တန်ဖိုးနည်းအိမ်ရာရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်သန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ချိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။
(အပေါ်ပုံ)

အိမ်ရာ ၁၀လုံး

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်တန်ဖိုးနည်းအိမ်ရာ ၁၀လုံးကို ရေချိုကျေးရွာတွင် ဇူလိုင် ၂၁ ရက်က စတင်ဆောက်လုပ်ခဲ့ရာ အောက်တိုဘာ ၃၁ ရက်တွင် ပြီးစီးခဲ့ပြီး အိမ်တစ်လုံးလျှင် ကျပ်ငါးသိန်းကျော် ကုန်ကျသည်။ (၁၁၁)

ဆောင်းမြေပဲ အထွက်တိုးစံပြကွက် စိုက်ပျိုး မြေပဲစိုက် တောင်သူဦးကြီးများ ကြည့်ရှုလေ့လာ

ဆားလင်းကြီး နိုဝင်ဘာ ၂၄

မြေပဲတစ်ဧက တင်း၁၀၀ ထွက်ရှိရေးအတွက် ဆောင်းမြေပဲ အထွက်တိုး စံပြကွက် စိုက်ပျိုးပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက်က ဆားလင်းကြီးမြို့နယ် ရွာရှည်အုပ်စု ပလောင်ကျေးရွာ တောင်သူကြီး ဦးဌေးချွန်၏ ကျွန်းမြေ ၁ ဒသမ ၃ ဧကနှင့် တောင်သူကြီး ဦးတင်အောင်၏ ကျွန်းမြေ တစ်ဧကတို့၌ ကျင်းပရာ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ လက်ထောက်ကြီးကြပ်ရေးမှူး ဦးဘတိုးက ထွန်ရေးထယ်ရေး ကောင်းမွန်ရေး၊ အထွက်ကောင်းမျိုး သုံးစွဲရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး၊ မြေဩဇာ အချိုးကျ သုံးစွဲရေး၊ စိုက်ပျိုးနည်းစနစ် မှန်ကန်ရေးနှင့် ပေါင်းသင်မြေဆွ နည်းစနစ် မှန်ကန်ရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး လက်တွေ့စိုက်ပျိုးကြသည်။

၁၀၈တင်း

စိုက်တန်းအကွာအဝေး ၁၃ လက်မ၊ စိုက်ကျင်း အကွာအဝေး သုံးလက်မ စိုက်ပျိုးပါက ရေမြေရာသီဥတု ကောင်းမွန်လျှင် မြေပဲတစ်ပင်မှ ပျမ်းမျှ ၁၁ ဥနှုန်း ဥလျှင်ပင် တစ်ဧက မြေပဲအတောင့် ၁၀၈ တင်း ထွက်ရှိမည်ဖြစ်သည်။

ဆောင်းမြေပဲ အထွက်တိုး စံပြကွက် စိုက်ပျိုးပွဲသို့ ပလောင်ကူးတို့ကုန်း ကျေးရွာများမှ မြေပဲစိုက် တောင်သူဦးကြီးများ လာရောက်ကြည့်ရှုလေ့လာကြသည်။ (၄၃၅)

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနမှ မြို့နယ်မှူး ဦးသန့်ဇင်နှင့်အဖွဲ့ နားမလန်ကျေးရွာ မူလတန်းလွန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နိုဝင်ဘာ ၅ ရက်က ပေးအပ်စဉ်။
(၆၃)

ကျေးလက် စက်ရေတွင်း ပြည်မြို့နယ်၌ ဖွင့်လှစ်

ပြည် နိုဝင်ဘာ ၂၀

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် အလှူရှင်စက်ရေတွင်းများကို စဉ်ဆက်မပြတ် တူးဖော်ပေးလျက်ရှိရာ နိုဝင်ဘာ ၄ ရက်က ဇရစ်ချောင်း(ရွာသစ်) ကျေးရွာ၌ ရန်ကုန်မြို့မှ ဦးသောင်းတင်–ဒေါ်ခင်ရီ မိသားစုက လှူဒါန်းသည့် ကျေးလက်စက်ရေတွင်းကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးစိုးသန်းနှင့် အလှူရှင်မိသားစုတို့က ဖွင့်လှစ်ပေးကြသည်။ (၄၉၇)

ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်ရေး ဟောပြော

ကျောင်းကုန်း နိုဝင်ဘာ ၂၂

ကျောင်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၈ အုပ်စုတွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာ စံပြစာကြည့်တိုက်များ ဖွင့်လှစ်ရေးအတွက် ဟောပြောပွဲကို ကျောင်းကုန်းမြို့နယ် ရေခလုတ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းတွင် နိုဝင်ဘာ ၂၀ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

ဟောပြော

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က လူ့စွမ်းအားအရင်းအမြစ် ဖော်ထုတ်ရာတွင် စာကြည့်တိုက် အခန်းကဏ္ဍ အရေးပါပုံနှင့် ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၏ တန်ဖိုးကြီးမားပုံကို ဆွေးနွေးဟောပြောသည်။
(မြို့နယ်ပြန်/ဆက်)

မြို့နယ်သတင်းများ

ကယားပြည်နယ်တွင် မိခင်လောင်းများအား တီဘီရောဂါနှင့် ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လွိုင်ကော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ နိုဝင်ဘာ ၁၂ ရက်က မင်္ဂလာရပ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မိခင်လောင်းများအား မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက တီဘီရောဂါနှင့် ငှက်ဖျားရောဂါအကြောင်း ပညာပေးဟောပြောစဉ်။ (၂၈၄)

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ စကားဝါလမ်း၊ အေးရိပ်မွန်အိမ်ရာ၊
တိုက်အမှတ်(၁၆)၊ အခန်း(၀၀၃)နေ
ဦးလှရွှေ (ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ)-
ဒေါ်နှင်းနွယ်တို့၏သားကြီး၊ မောင်စိုးမိုးအောင်၏အစ်ကို

ဗိုလ်ဇော်ဟိန်းလတ် B.Sc (D.S.A)

တပ်မတော်(လေ)

နှင့်

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ ပဒေသာပင်မြို့တော် (F.M.I City)၊
ရွှေသရဖီ(၂)လမ်း၊ အမှတ်(H-70)နေ
ဦးဟန်ရှိန် (သစ္စာမြိုင်ရောင်းဝယ်ရေး)-ဒေါ်ခင်စန်းရီ
တို့၏တစ်ဦးတည်းသောသမီး၊
မောင်သိန်းသန်းဌေး၏ညီမ၊ မောင်လှဖုန်းမြင့်၏အစ်မ

မယဉ်ယဉ်ထွန်း

B.C.Sc (UCSY), B.A (Eng:) LCCI Level II

တို့အား ၉-၁၁-၂၀၀၃နေ့တွင် F.M.I City နေအိမ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်းတရားရုံးချုပ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးမြင့်၊ ၂၃-၁၁-၂၀၀၃ရက်နေ့တွင် Dusit Inya Lake Hotel၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲသို့ အောင်မင်္ဂလာပန်းကုံးနှင့် မင်္ဂလာ စိန်လက်စွပ် ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးသော ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်မြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်၊ ဗိုလ်မှူးချုပ် သိန်းမြင့်နှင့် တပ်မှူး၊ အုပ်မှူး၊ မင်္ဂလာသတို့သားအရံ ဗိုလ်စိုးမိုးအောင်နှင့် သတို့သမီးအရံ မအေးအေးနွယ်၊ တေးဂီတဖြင့်ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့၊ မင်္ဂလာအခါတော်ပေး မစိမ်းမို့မို့၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ သတို့သမီးဝတ်စုံနှင့်မိတ်ကပ် ခင်စန်းဝင်း၊ မှတ်တမ်းတင်ဓာတ်ပုံနှင့်ဗီဒီယို အကိုင်းနှင့်အဖွဲ့၊ ပန်းအလှပြင် မလေးရှားသန်းမြင့်နှင့် Dusit Inya Lake Hotelမှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာညည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ မင်္ဂလာအခမ်းအနားသို့မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်ပေးပို့ကြသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများနှင့် အဘက် ဘက်မှဝိုင်းဝန်းကူညီပေးကြသော အေးရိပ်မွန်မိသားစုနှင့်ဘုရင့်နောင်ပွဲရုံမိသားစု များအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ဇော်ဟိန်းလတ်-မယဉ်ယဉ်ထွန်း။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

